
ခက်နေတယ်

# အခန်း (၁)

လူတွေ့ "Interview"တဲ့ …။

"မျိုးမြတ်" က မြင့်မားခံ့ညားလွန်းနေသော ကုမ္ပဏီရုံး အဆောက်အအုံကြီးကို … အောက်ခြေမြေညီထပ်ကစလို့ … ဟိုး အပေါ်ဆုံးထိ မျက်လုံးရောက်အောင် ခေါင်းလေး .. တညောင်း မော့ပြီး အကြာကြီးပဲ ကြည့်နေလိုက်ပါသည် ။ ကြီးကျယ်လှပလိုက်ပါဘိနော် …။ အားကျသွားရည်ယို ချင်စရာလည်း ကောင်းလိုက်ပါဘိ ...။

မတွေ့ဖြစ်ကြတဲ့ ရှစ်နှစ်လောက်အတွင်း အံ့သြစသရာကောင်းလောက်အောင် တိုးတက် ပြောင်းလဲသွားလိုက်ပါတဲ့ ရှင်ရယ် …။ ရှင်ကများ ကျွန်မကို "လူတွေ့"တဲ့ …။ ဘာတွေများ ခေါ်တွေ့ပြီး ဘာတွေများ မေးမြန်းပြောဆိုဦးမှာ ပါလိမ့် …။

အဖြစ်နိုင်ဆုံးကတော့ … 'တွေ့ပြီလားမျိုး … ကျွန်တော် ဒါကြီးတွေ ပိုင်နေပြီလေ …'လို့ .. ခေါ်ကြွား(အဲလေ)ခေါ်ပြီး ဂုဏ်ယူလက်မထောင်ပြချင်တာမျိုးပဲ မဟုတ်ပါလား ..။ ရပါတယ်လေ .. ထောင်ပါ ... ထောင်ပါ . .။ ရှင် စိတ်ချမ်းသာမယ်ဆိုရင် ပြီးတာပါပဲ ..။ မျိုး ဆိုတဲ့ မိန်းကလေးကတော့ အဲဒီလို ခေါ်လက်မထောင်ခနဲ့ ပြတော့မှာ ကို .. ရင်မဆိုင်ဝံ့စွာ … မျက်နှာချင်း လာမဆိုင်တော့မဲ့ မိန်းကလေးမျိုး မဟုတ်ဘူး လေ။

သူ ပြောချင်သမျှကို … 'ဟယ် .. ဟုတ်လား … ဝမ်းသာစရာကြီး .. ကြည့်စမ်း ..'စသဖြင့် .. တစ်ဖက်လူ ပြောအားရှိအောင် … စကားထော

က် ဖော်လိုလိုက်၊ အလိုက်တသိရှိပေးကာ တကယ် လည်း အံ့သြဖွယ်ဝမ်းသာ ဖြစ်နိုင်တဲ့ မိန်းကလေးမျိုးဆိုတာ .. ရှင် သိဖို့ ကောင်းပြီ ..။

'နှစ်ချက်'ရှိတယ်လေ ..။

ရှင်ခေါ်ပြောတော့မှ စကားတွေကို ... မာနကြီးတစ်ခွဲသားနဲ့ သွားနားမထောင်နိုင်ပါဘူး ..။ မျက်နှာချင်း မဆိုင်နိုင်ပါဘူး ... လို့ လုပ်ပစ်ရရင် မျိုးမှာ ဘာအကျိုးများ ရှိသလဲ ..။ မျိုးရဲ့ ပညာ အရည်အချင်းလောက်နဲ့ ဒီလောက် လခကောင်းမဲ့အလုပ်မျိုး ဒီလောက် တည်တည်ကြည်ကြည် ... ကြော့ကြော့ကလေးနဲ့ ဂုဏ်ရှိမဲ့ အလုပ်မျိုး .. ဘယ်မှာ များ ထပ်ရှာတွေ့နိုင်မလဲ ..။ ခုဟာကတော့ ကံကောင်းလို့ .. ( အေးလေ .. ကံကောင်းလို့ ထက် "မျိုးမြတ်"ဖြစ်နေလို့ ကို) လျှောက်လွှာရှင်ပေါင်း သောင်းခြောက်ထောင်လောက်ထဲက ... ကိုယ့်ကိုမှ လူတွေ့ခေါ်တွေ့ခြင်းခံရတာ ...။ ဘာလို့ သွား မတွေ့ရမှာ လဲ ..။

နောက်တစ်ချက်ကတော့ .. (-----)ကုမ္ပဏီကြီးရဲ့ ပိုင်ရှင်ဟာ ရှင်ဖြစ်နေခဲ့လို့ ပဲပေါ့ ... "ဦးအောင်မြင်"ရယ် ..။ ကိုယ်နဲ့ သိဟောင်း ကျွမ်းဟောင်း (တကယ့်ကို ရင်းရင်းနှီးနှီး၊ နှစ်နှစ် ကာကာ) ဖြစ်နေခဲ့တဲ့ သူက ဒီလောက် ကြီးကျယ်မြင့်မားနေတဲ့ ကုမ္ပဏီကြီးရဲ့ ပိုင်ရှင်ပါ ဆိုနေမှ တော့ ... မာနကြီးနဲ့ 'လူတွေ့'ကို ရှောင်နေရင် မျိုးက အရူးပေါ့ ...။

ရှင်လည်း မျိုးအကြောင်းကို သိပါတယ် ..၊ မျိုး လာတွေ့မှာ ပါ ဆိုတာလည်း ရှင် သိပါတယ် ..၊ ဒီအလုပ်ကို မျိုးပဲ ရတော့မှာ ပါ ဆိုတာလည်း မျိုး သိပါတယ် ..၊ အမယ်လေး ..။ နှစ်ဦးနှစ်ဖက် တွေ သိနေလိုက်ကြတာ ... ပျော်စရာကြီး ...။

"ကျွန်တော် .. အစွမ်းကုန် ကြိုးစားပါ့မယ် .. မျိုးရယ် ..."လို့ တော့ ပြောခဲ့ဖူးသားပါပဲ ...။ ဒါပေမဲ့ ဒီလောက်ကြီးအထိ ဖြစ်လာလိမ့်မယ်လို့

တော့ ဘယ်သူက ထင်ထားပါ့မလဲနော် ..။ ရှစ်နှစ် တည်းနှင့် ဒီလောက်ကြီးတဲ့ ... အံ့ဩစရာကောင်းလွန်းလိုက်တာ ..။ ဩော် ..။ ကံကြမ္မာရဲ့ အလှည့် အပြောင်းတွေများ တကယ့်ကို အံ့ဩစရာ ကောင်း လွန်းနေလိုက်တာ ..။ လွန်ခဲ့တဲ့ ဆယ့်လေးနှစ်က တစ်ခါ ...။ လွန်ခဲ့တဲ့ ရှစ်နှစ်တုန်းကတစ်ခါ ...။ နှစ်ခါတိတိကြီးများ တောင်မှ ... "မတန်မရာ "ဆိုတဲ့ စကားလုံး ဆိုးဆိုးကြီး တစ်ခုနဲ့ ... "မျိုးမြတ်"ဆိုတဲ့ မိန်းကလေး တစ်ယောက်ကို နှစ်ကြိမ် နှစ်ခါတိ တိ ... စွန့်လွှတ်ပေးခဲ့ရရှာတဲ့ "အောင်မြင်"ဆိုတဲ့ ကောင်ကလေးဟာ ...။

လွန်ခဲ့တဲ့ ဆယ့်လေးနှစ်တုန်းကတော့ ... သူလည်း ဆယ့်ခြောက်နှစ်သား။ မျိုးလည်း ဆယ့် ခြောက်နှစ်သမီး ..။ နောက် ခြောက်နှစ်လောက်ကြာမှ တစ်ခါပြန်ဆုံကြပြန်တော့ ... ကိုယ်စီအနည်းငယ် ရင့်ကျက်လာကြပြီ ဆိုပေမဲ့ .. "နှစ်ဆယ့်နှစ်နှစ်"ဆိုတဲ့ အသက်အရွယ်ဟာ ခုလို "သုံးဆယ်" တိုင်ကြီးတွေလောက်တော့ မတည်ငြိမ်နိုင်ခဲ့ကြသေးဘူးနော် ...။ လူးလို့ ကောင်းတုန်း၊ ရူးလို့ ကောင်း တုန်း ...။ ပြီးကျတော့ ... "မိဘ"တို့ ဘာတို့ ...။ အကြောင်းပြ ခေါင်းစဉ်တွေအောက်မှာ ... "မလှုပ် သာ ... မပယ်သာလို့ ပါ"ဆိုတဲ့ စကားတွေနဲ့ ပိနေလို့ ရကြတုန်း ...။

ခုကျတော့ .. မျိုးမြတ်နဲ့ အောင်မြင်ဟာ ကိုယ်စီအသက်တွေက "သုံးဆယ် ..."။ သူဌေးသမီး (အဲလေ .. ထားလိုက်ပါတော့) သုံးနိုင်စွဲနိုင် ... မျိုးမြတ်က ... သူ့ကုမ္ပဏီကြီးမှာ သူဖြစ်စေချင်သလို (မျက်နှာလေးငယ်အောက်ကျခံပြီး ... သနားစရာလေး ... ဟာဟာဟ) အလုပ် လာလျှောက်နေရတဲ့ အချိန်မှာ .. ဆင်းရဲမွဲတေ၊ စုတ်ပြတ်၊ လူ့အောက်ကျလွန်းလို့ သူချစ်တဲ့ မိန်းကလေးတစ်ယောက်ကို နှစ်ကြိမ်တိုင်တိုင် မတူမတန်စွာ လက်လျှော့လိုက်ရတဲ့ ကောင်ကလေး "အောင်မြင်"က ...

ထိုကုမ္ပဏီကြီးရဲ့ ပိုင်ရှင် … သူဌေးမင်းကြီး … တဲ့ …။

ကံကြမ္မာများ ၊ ဖြစ်ပုံ ပြောပါတယ် …။ အေးလေ … အဲလို ဖြစ်သွားတော့လည်း ဘာဖြစ်လဲ ..။ ဘာမှ မဖြစ်ပါဘူး … ကောင်းပါတယ်။ ကိုယ်ကိုယ်တိုင်လည်း တကယ်ပဲ ချစ်ခဲ့မိဖူးတဲ့ ကောင်က လေးတစ်ယောက်ကို တတိယအကြိမ်မြောက် ပြန်ဆုံကြစဉ်မှာ … အရင်တွေအတိုင်းပဲ ဆက်လက် စုတ်ပြတ်မွဲတေ ခန်းခြောက်နေတာနဲ့ စာရင် … သူဌေးမင်းကြီး … အဖြစ် ပြန်တွေ့ရတာက အများကြီး ပိုပြီး သာယာနာပျော်ဖွယ် ရှိတာပေါ့ …၊ ဝမ်းသာဖို့ သာ ရှိတာပေါ့ …။

ဝမ်းသာမိတာများ … ပြောပြရဦးမယ်နော် …။

ခု ဒီအလုပ်အတွက် လျှောက်လွှာရှင်ပေါင်း ငါးရာ၊ တစ်ထောင်လောက်ထဲကမှ လူနှစ်ဆယ် ခေါ်တွေ့တော့ … မျိုးလည်း ပါနေရော။ မျိုးဟာ ဒီလိုကုမ္ပဏီဝန်ထမ်းဘဝမှာ ဟိုပြောင်း ဒီပြောင်းနှင့် နှစ်ပေါင်းကမနည်းတော့ပြီဆိုတော့ အတွေ့အကြုံကတော့ အတော်လေး ရင့်ကျက်နေပြီ။ ဘယ်လို ဝတ်စားသွားရမယ်၊ ဘာတွေ ပြင်ဆင်သွားရမယ် … အားလုံးအထာကျပြီး ဖြစ်နေပါပြီ …။

လျှောက်လွှာတွေ များ လွန်းလို့ နည်းနည်းတော့ စိုးရိမ်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက် Confidence ကို ကိုယ်ကမှ စမထားရင် ဘယ်သူက လာထားပေးပါ့မလဲ …၊ ဒီတော့ ယုံကြည်ချက် ကလည်း အပြည့်နှင့် (သိပ်ကြီးလွန်သွားပြီး လူအမြင်ကတ်လောက်စရာပုံလည်း ပြန်ပေါက်မနေရ အောင်) သွားခဲ့သော မျိုးဟာ … သူ့ကိုမှ ဘွားခနဲ ကြုံတွေ့လိုက်ရတဲ့ အခါ …။

ဘုရားရေ …၊ ကိုယ်နဲ့ နှစ်ကြိမ်တိတိ ချစ်သူတွေဖြစ်ခဲ့ကြဖူးသော ဒီလူတစ်ယောက်ကိုမှ မျက်စိမှားတာပါဆိုရင် … မျိုးဟာ မျက်မှန်ဆိုင်ကို

သာ ပြေးပေတော့ပေါ့ …။ ခုတော့ မျက်မှန်ဆိုင် တော့ ပြေးစရာမလို လောက်တဲ့ မျိုးဟာ … ဘွားခနဲကြီး အတွေ့မှာ .. ရင်ဘတ်ကို စုံဖိလိုက်မိပြီး .. နှလုံးသားတွေ ခုန်ပေါက်လှုပ်ရှား တုန်ယင်ရလွန်းလို့ သမားတော် (Physician) တစ်ယောက် ယောက်နဲ့ တော့ အမြန်ဆုံး ပြေးပြရဖို့ လိုလောက်သည် ။

သူကတော့ မျိုးရဲ့ ရှေ့က ခပ်တည်တည်ပင် ဖြတ်လျှောက်သွားခဲ့ပြီး … မျိုးကို လုံးဝတစ်ချက် မှ ကို လှည့်ကြည့်မသွား၊ မတွေ့ …။ (မြင်ချင်လည်း မြင်နိုင်ပါတယ် … ကြိုမြင်ပြီးမှ မမြင်ချင်ယောင် ပြန်ဆောင်ထားတာလည်း ဖြစ်နိုင်တာပဲ ..။ အဲဒီလိုက ပိုဖြစ်နိုင်ချေ များ ပါတယ်။) မျိုးမှာ တော့ သန့် ပြန့်ခန့်ညားပြီး တောက်ပြောင်ထွက်နေတဲ့ သူ့ရဲ့ သွင်ပြင်ဟန်မှာ မှ င်သက်မိပြီးတော့ကို ငူငူကြီး ရပ်ကျန် ရစ်ရတာ …။

ဖိနပ်သံကလည်း စည်းချက်ညီညီ၊ တိတိကျကျ၊ ဘောင်းဘီရှည်ဝတ်ခြေထောက်တစ်စုံဟာ လည်း … ကမ္ဘာပေါ်က ဘယ်ယောကျ်ားသားမှ … ငါတို့ လောက် လှပသပ်ရပ်အောင် လမ်းမလျှောက် နိုင်ပါဘူးလို့ ကြွေးကြော်နေကြတဲ့ အလား …။ မျက်နှာနဲ့ ဆံပင် ဖြီးထားပုံ၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်ကို ဆင်ယင်ထားပုံတို့ ကလည်း …။

အို … အဲဒီတစ်ယောက်ဟာ … ခုလို ပိုက်ဆံရှိရှိ၊ စမတ်ကျကျ မနေနိုင်သေးခင် … လွန်ခဲ့တဲ့ ၊ ဆယ့်လေးနှစ်၊ ရှစ်နှစ်လောက်ကလည်း ပဲ အင်မတန်မှ ကို ချောမောကြည့်ကောင်းလှတဲ့ ကောင်လေး တစ်ယောက်ပါပဲ …။ နဂိုက ရှိလွန်းတော့ စုတ်တီးစုတ်ဖတ် အသရေကြားထဲကကို သူ့ရဲ့ ရုပ်ကလေး ကဝင်းပြီး ထွက်နေခဲ့တာပါ …။ အဲဒါကြောင့်ပဲလေ … မျိုးမြတ်ဟာလည်း ပဲ နှစ်ကြိမ်တိတိကြီးကို …။

ခုကျတော့ အဲဒီလို ရုပ်ရည်မှာ မှ “နဂိုင်း”ဖြစ်စေမဲ့ အထောက်အပံ့

တွေကလည်း အများကြီး ကို ထောက်ပံ့ပေးထားကြလေတဲ့ အခါ ...။ သူများ တကာတွေမှာ “ငယ်ဂုဏ်”ဆိုတာသာ ကြားဖူး ပါတယ် ...။ သူ့ကျကာမှ “ကြီးဂုဏ်”ဆိုတာတွေကပါ သူ့ရုပ်ရည်ထဲမှာ ထပ်ဖြည့်စွက်ပြီး ကျက်သရေ တွေ တိုးနေလိုက်တာဆိုတာ ...။

မျိုး ခမျာမှာ ... လှမ်းပဲအော်ခေါ်လိုက်ရမလား ...။ ပြေးပဲလိုက်သွားလိုက်ရမလားနှင့် .. ခြေစုံကြီးပဲ ဆက်ရပ်ကျန်ရစ်နေရတဲ့ အဖြစ်ပါပဲ ...။ နှစ်ဆယ့်နှစ်နှစ်သမီး ဘဝတုန်းကတော့ ... ဗြုန်း ခနဲ ပြန်တွေ့လိုက်ကြရချိန်မှာ ... သူရောမျိုးပါ ... သုံးစက္ကန့်လောက် ရပ်ကြောင်နေပြီးကြတာနဲ့ ... ပြိုင်တူ ပြေးကိုဖက်လိုက်မိကြကာ ပတ်ဝန်းကျင်ကိုတောင်မှ သတိမထားမိနိုင်တော့တဲ့ အထိလေ ...။ ခုကျတော့ “သုံးဆယ်”ဆိုတဲ့ အရွယ်ရဲ့ အသိစိတ်ရယ် ...။ မတရားသဖြင့် တောက်ပြောင်ခန့်ညားနေတဲ့ သူ့ရဲ့ သွင်ပြင်ဟန်တို့ ရယ်က “မောင်ရေ...”လို့ အော်ပြီး ပြေးမဖက်ဝံ့အောင် မျိုးကို ချုပ်နှောင်ထား ကြပြီ။

ပြေးသွား မဖက်မိတာ ...။ မျိုးလေ ... ဝမ်းသာလိုက်တာ ... ဝမ်းသာလိုက်တာဆိုတာ ...။ သူ့ပုံစံ ကြည့်ရုံနဲ့ သူဟာ ဒီရုံးမှာ ... အောက်ခြေအဆင့်နိမ့်ဝန်ထမ်း၊ သာမန် စာရေးစာချီလောက်မျှ မက,တော့ဘူး ဆိုတာလည်း အသိသာကြီးလေ ..။ အောင်မယ် ... လမ်းမှာ ရင်ဆိုင်မျက်နှာချင်းဆိုင် တွေ့ကြတဲ့ ဝန်ထမ်းတွေများ ... လမ်းဘေးကပ်ရှောင်၊ ခေါင်းလေးညွတ်ပြီးတော့ကို နှုတ်ဆက်ကြ တာနော် ..။

“သူ အတော်အဆင့်မြင့်နေပြီပဲ ...”ဆိုတာ သိရတော့ မျိုး ပီတိဖြစ်ရပါသည် ။ အဲဒီအချိန်မှာ တခြားလူတွေ ဖြစ်လေ့ဖြစ်ထ ရှိချင်ရှိကြမဲ့ ရှက်ရွံ့ဂုဏ်ငယ်သွားတာမျိုး၊ သိမ်ငယ်မျက်နှာပူပြီး ကိုယ့် အဖြစ်ကိုယ် မကျေမနပ်တွေ ဖြစ်ရတာမျိုး ...။ မျိုးမှာ လား ... မရှိပေါင် ...။ မျိုးမြတ်ဟာ

အဲဒီလို မိန်းမမျိုးလေ ...။

မျိုးတို့ လူနှစ်ဆယ်ကို တစ်ယောက်ချင်းစီ ခေါ်တွေ့၊ မေးစရာရှိတာတွေမေး၊ လုပ်နေချိန်မှာ မျိုး ရင်ထဲ ကလိ၊ ကလိနှင့် ဖြစ်ရပြီ။ ခုခေါ်တွေ့မေးမြန်းနေသည့်သူဟာ လူကြီး၊ အရာရှိတစ်ယောက် ဖြစ်မှန်း သိသော်လည်း ဟို ... လူသန့်ပြန့်ခန့်ညားထက် ... အဆင့်မြင့်နေမလား။ နိမ့်လေမလားမျိုး မသိ။ မျိုးကို သူ မြင်သွားပါတယ်ဆိုရင် .. ဒုတိယအကြိမ် လူတွေ့ထပ်ခေါ်တဲ့ အထဲမှာ ပါ မျိုး ပြန်ပါ အောင် သူက မစွမ်းဆောင်ပေးနိုင်ဘူးလား။

နဂိုကမှ လိုချင်လှတဲ့ ဒီအလုပ်မျိုးကို အဲဒီကျမှ ငမ်းငမ်းတက် ပိုပြီးဖြစ်လာသည် ။ နောက်ဆုံး ကျတော့ ရင်ထဲက ကျလိ၊ ကျလိကို မခံနိုင်တော့တာနဲ့ ပဲ .. စားပွဲတစ်လုံးမှာ ထိုင်ပြီး နာမည်တွေ အော် ပေးနေတဲ့ ကောင်လေးတစ်ယောက်ကို ... "မောင်လေးရေ .. အစ်မ တစ်ခုလောက် သိပါရစေ ... ဒီကုမ္ပဏီမှာ လေ ... ဦးအောင်မြင် ဆိုတာများ ရှိသလား လို့ ... သူက ဒီမှာ ဘာလဲမသိဘူးနော်"

ကောင်ကလေးက ရယ်ကျဲကျဲနှင့် မော့ကြည့်လာရင်း ...

"အစ်မနဲ့ သိလို့ လား ... ဒါဖြင့် ဘာလို့ လျှောက်လွှာလာတင်နေသေးတာလဲ ... တိုက်ရိုက်ပဲ သွားတွေ့လိုက်ပေါ့ ...။ ဦးအောင်မြင်က ဒီကုမ္ပဏီကြီးရဲ့ ပိုင်ရှင်၊ အမှုဆောင်အရာရှိချုပ်လေ .. ခုခန့် မှာ ကလည်း သူ့အောက်တည့်တည့်က သူ့အနားမှာ နေရမဲ့ ဝန်ထမ်းရာထူးပဲဟာ"

"ဒုတ်"ခနဲ ခုန်သွားမိပြန်သည့် ရင်ဟာ ... သမားတော်ဆီ အဟုတ်ကို ပြေးရတော့မဲ့ အနေ အထားပါပဲ။ ပိုင်ရှင်တဲ့ ။ အမှုဆောင်အရာရှိချုပ်တဲ့ ...။ ဘုရားရေ ... အဲဒီလောက်တောင်ကြီး ...။ ကိုယ် မတ်တတ်ရပ်ပြီး နင်းထားရသည့် ကြမ်းပြင်ကိုပဲ မယုံသင်္ကာကြီး ပြန်ငုံ့ကြည့်လိုက်မိတော့

တာ ...။ ဒါကြီးဟာ သူ ပိုင်တာကြီးတဲ့ ...။

အဲဒီနောက်မှာ တော့ မျိုးရဲ့ ရင်ခုန်သံတွေ ပြန်နှေးလာတာနဲ့ အမျှ ... မျိုးရဲ့ ဦးခေါင်းလေးက တော့ တဖြည်းဖြည်းပြန်ပြီး မော့လာခဲ့နိုင်ပြီ။ ထင်တဲ့ အတိုင်းပဲလေ ...။ ခုနက ကောင်လေးက စာအိတ်လေးတွေ လိုက်ဝေတော့ မျိုးဘေးက မိန်းကလေးက ချက်ချင်း ဖွင့်ဖောက်ကြည့်။ မျိုးက လည်း မျက်လုံးစွေပြီး စပ်စုကြည့် ...။

“(----)ရက်နေ့ ... ဒုတိယအကြိမ် အင်တာဗျူးအတွက် ထပ်မံအကြောင်းကြားခြင်းကို စောင့် ဆိုင်းပါရန်”တဲ့ ။

ယဉ်ယဉ်ကလေးပေါ့ ...။ အဲဒီရက်ရောက်လို့ မှ အကြောင်းကြား မခံရသေးရင် ကိုယ့်အဖြစ် ကိုယ်သိပေါ့ ... ဆိုတဲ့ သဘော။ သူများကို ချောင်းကြည့်ထားတဲ့ မျိုးက မျိုးရဲ့ စာအိတ်ကိုတော့ အပြန် တက္ကစီကားပေါ်ရောက်မှ ဖွင့်ကြည့်ခဲ့တာပါ ...။

(---)ရက်နေ့၊ မနက်(၉)နာရီ၊ အမှုဆောင်အရာရှိချုပ်နှင့် “လူတွေ့”ထပ်မံဆွေးနွေးရန် ... ဥက္ကဌရုံးချုပ် ... ပဥ္စမထပ်၊ အခန်း (၃)သို့ ကြွရောက်ပေးပါရန် ...” တဲ့ ။ ကဲလေ ... ဒါပဲရှိတာပေါ့ ...။ မဟုတ်ဘူး လား။

ဒီတစ်ခါ လူတွေ့ကတော့ လူချင်းတွေ့ပြီးတာနဲ့ ... အလုပ်ကိစ္စ၊ လုပ်ငန်းတာဝန်တွေ အကြောင်းမှ ပါပါ့မလား ...။ ရှေးဟောင်းနှောင်းဖြစ် ငယ်ကျိုးငယ်နာ ...။ ရင်နာရတာတွေ၊ ဒေါသ ဖြစ်ရတာတွေ၊ မခံချင်တာတွေ၊ ကြိုးစားတာတွေ၊ ဂုဏ်လုပ်မှာ တွေ၊ လက်မထောင် ရင်ကော့မှာတွေ ...။ ပြီးကျတော့ ... “မင်းကော ... ခု ဘယ်လိုလဲ”ရယ်လို့ ... အပေါ်စီးကလေးကနေ ကြည့်မေးမှာ တွေ၊ စုတ်တသပ်သပ်နဲ့ ကြင်နာပြမှာတွေ ...။ ဒါမျိုးတွေချည်းနဲ့ များ ပြည့်နေတော့မှာ လား။

ဘာတွေပဲ ဖြစ်ဖြစ်လေ ...။ မျိုး ဘက်က ဘယ်လိုမှ ကို မနေပါဘူး

ဆိုမှ တော့ … ဘာပဲပြော ပြော၊ ဘယ်လိုပဲလုပ်ပြလုပ်ပြလေ …။ ဒါ သူ့အခွင့်အရေးပဲ …။ သူ့အခွင့်အရေး သူအပြည့်အဝ ယူပေ့စေပေ့ါ …။ အရင်နှစ်ကြိမ်က သူ့ခမျာ ဘာအခွင့်အရေးမှ ,မှ မရခဲ့တဲ့ ဥစ္စာ …။ ယူရှာပါစေ။ သူ့ အခွင့်အရေးအလှည့်ပြီးရင်တော့ သိသိကြီးနဲ့ ရှောင်ထွက်မသွားဘဲ … တမင်လာအပြောခံပေးတဲ့ မျိုး ကိုလည်း အလုပ်ထဲမှာ ပဲဖြစ်ဖြစ် … အခွင့်အရေးလေး နည်းနည်းပါးပါး ပြန်ပေးပေ့ါ …။ မဟုတ်ဘူးလား …။

ဒါနဲ့ နေပါဦး …။ ဘယ်သူ့ကိုမှ လဲ မေးလို့ မကောင်းတဲ့ ကိစ္စကြီး …။ သူက ခုချိန်ထိ "လူပျို လူလွတ်"ဘဝနဲ့ ရှိဆဲပဲတဲ့ လားဟင်။ အမယ်လေး …။ ရင်ခုန်လာပြန်ပြီ …။ ကိုယ်မှ ကိုယ် … သဲကြီး မဲကြီး ဖြစ်ခဲ့ဖူးတဲ့ လူချောကလေးဟာ … ရှစ်နှစ်အတွင်း ဟောဒီလောက်ကြီး ဖြစ်လာအောင် ကျုံးကုန်းကြိုးစားနေရတာနဲ့ ပဲ … အချစ်ရေး၊ အိမ်ထောင်ရေး၊ တခြား ဘာရေး၊ ညာရေး လူမှုရေး တွေ ဘာမှ စဉ်းစားနေချိန်ကို မရခဲ့တော့ဘူး … ဆိုတာမျိုးကော မဖြစ်နိုင်ဘူးလား …။

အို … ရင်ခုန်လိုက်ရတာ …။ သူဟာ "မျိုးမြတ်"ရဲ့ ချစ်သူ နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဖူးတဲ့ "အောင်မြင်"လေကွယ် ..။

မျိုးရဲ့ လက်က နာရီကလေး … ကိုးနာရီ "ဒေါင်"ခနဲ မြည်သည် နှင့် …

"အစ်မ … ဝင်တွေ့လို့ ရပါပြီ"

မျိုးက နှုတ်ခမ်းကို တစ်ချက်သပ်ပြီး ဖိလိုက်သည် ။ ငယ်ငယ်တုန်းက ဆိုရင်တော့ ကိုယ့် အခြေအနေနဲ့ … ကိုယ့်အလှကို စိတ်ချနိုင်ခဲ့လွန်းတဲ့ မျိုးဟာ … (အိမ်ကနေ သေချာကြိုတင်ပြီး အချိန်များ စွာယူ ပြုပြင်လာခဲ့ပြီးသည် ဖြစ်သော်လည်း ) သူနဲ့ တတိယအကြိမ် ပြန်တွေ့ကြရစဉ်

မှာ … အသက်က “သုံးဆယ်”တိတိ ပြည့်ခဲ့ပြီးနေပြီ …။ နှင်းဆီပန်းတစ်ပွင့် ဆိုရင်တောင် … ပွင့်ပွင့်အာ အာနဲ့ မှ လှရတဲ့ အချိန်မျိုး ဖြစ်နေပြီ …။ ယောကျ်ားတွေမှာ ကျတော့ “ကြီးဂုဏ်”က ကျက်သရေတစ် ခုကို ထပ်ဆောင်းစေပေမဲ့ … မိန်းကလေးတွေ ခများတော့ “ငယ်ဂုဏ်”ကသာ ပိုအရေးပါလေတာ မဟုတ်လား …။

ဟယ် … ငါ ဘာပေါက်ကရတွေ လျှောက်တွေးနေမိသလဲ …။ လှလှမလှလှ …။ လှလှမလှ လှဟယ် …။ ငါဟာ ထိုအောင်မြင်ကို နှစ်ခါတိတိ အဆက်ဖြတ် လမ်းခွဲပစ်ခဲ့တဲ့ … မျိုးမြတ်ပဲ …။

မျိုးက မလျှော့မတင်းသော ပုံမှန်မျက်နှာလေးနှင့် အခန်းတွင်းသို့ လှမ်းဝင်လိုက်ပါသည် ။ ဟောလ်ခန်းတစ်ခုလို ကျယ်လွင့်နေသည့် ရုံးခန်းကြီးထဲမှ အမှုဆောင်အရာရှိချုပ်၏ စားပွဲကထီးတည်းရှင်းလင်းပြီး နေရာယူထားသည် ။

“ထိုင်ပါ … ဝမ်းသာပါတယ် … ကျွန်တော် ‘အောင်မြင်’ပါ …”

ဝမ်းမသာပါဘူး …။

မျိုးသည် ကိုယ့်ရှေ့ကလူ ကိုယ့်ကို ဘာထင်ထင် …။ နှုတ်ခမ်းစေ့စေ့ကလေးနှင့် မျက်မှောင် ကိုလည်း မသိမသာပင် ကုတ်ထားလိုက်မိသေးသည် ။ အမှုဆောင်အရာရှိချုပ်၏ စားပွဲမှာ တော့ … တရားလွန်ကောင်းမွန်သစ်လွင်နေသော အနောက်တိုင်းဝတ်စုံအပြည့်နှင့် …၊ ထိုအဝတ်အစားတို့ ကို မှ အားမနာ … ရုပ်ရည်ကတော့ဖြင့် စုပ်စုပ်ဆိုးဆိုးနှင့် … အသားအရေ ညိုမောင်းမောင်း လူတစ် ယောက်က မျိုးကို လက်ကမ်းပြကာ ကြိုဆိုလျက် ရှိလေသည် ။

*

မျိုးတို့ ဆယ်တန်းတုန်းကတော့ ခုလိုမျိုး ... ဘော်ဒါကျောင်းတွေ၊ စာကျက်ဝိုင်းတွေ ခေတ်စားလှသေးတာ မဟုတ်ပါဘူး ...။ ဒါပေမဲ့ မျိုးကတော့ (ကိုယ့်ကိုယ်ကိုယ်လည်း စာအတော်စား ကြီးထဲက မဟုတ်လှမှန်း သိသိကြီးနှင့်) ဘာသာစုံ သင်ပြပေးသော ... နာမည်ကြီး ကျူရှင်ကျောင်း တစ်ခုမှာ ... တက်ခဲ့သည် ။

"မျိုးမြတ်"ဆိုတဲ့ ကောင်မလေးဟာ ... ကိုယ်တိုင်က အသက်အရွယ်နဲ့ မှ မမျှအောင် ကြီး ကောင်ဝင်ပြီး မှုန်နေအောင် လှနိုင်နေခဲ့တာရော ... ရှိတာထက်ပိုပြီး နေပြတ်တတ်တဲ့ အမေ့အရှိန် ကြောင့်ရော၊ ကိုယ်ပိုင်ကား မစီးနိုင်သေးလို့ ရုံးကားနဲ့ ပဲ ကျောင်းတက်ခဲ့ရတာ ဖြစ်သော်လည်း အဲဒီ ရုံးကားကပဲ အဖေ့ရဲ့ ရာထူးဂုဏ်ရှိန်ကို ပြနေခဲ့သလို ဖြစ်နေတာကြောင့်ရော ...။ ရောက်လေရာရာမှာ နာမည်ကြီးပြီး ဝိုင်းစိတ်ဝင်စားခံရတဲ့ သူမျိုး ဘဝနှင့်ပါ။

သူကတော့ အဲဒီလို နာမည်ကြီးကျူရှင်ကျောင်းမျိုးကို သူ့ပိုက်ဆံနဲ့သူ ဆိုရင်တော့ အိမ်မက်ရိပ် တောင် နင်းနိုင်မှာ မဟုတ်ပေမဲ့ ... ကျောင်းထူထောင်သည့် ဆရာက ... သနားလို့ ကြည့်ရှုပြီး ... "လာတက်ချင်တက် ... ပြီးရင် ကျောင်းမှာ လုပ်စရာရှိတာလေးတွေ ဝိုင်းပြုကူလုပ်ပေးပေါ့" ဟု ခွင့်ပြုပေးထားခံရသူဖြစ်ပါသည် ။

ကိုယ်တိုင်က နာမည်ကြီးလှတဲ့ မျိုးဟာ ... ဂက်စတန်နာ ထိုင်လှည့်နေတဲ့ စာရွက်တွေ ခေါက် နေတတ်တဲ့ ...၊ ကျောက်သင်ပုန်းတွေ သန့်ရှင်းရေး လိုက်လုပ်နေတဲ့ ...၊ အခန်းဝက Water cooler ရေအေးစက်တွေကို သောက်ရေလိုက်ဖြည့်နေတတ်တဲ့ ...၊ ခပ်စုပ်စုပ် ကောင်လေးတစ်ယောက်ကိုပဲ ... ကျူရှင်က ... ကလေးမတွေ စိတ်ဝင်စားလွန်းအားကြီး

နေကြတာ မြင်ရတော့ ... ကိုယ်ပါ ရော ယောင်ပြီး စိတ်ဝင်စားလာခဲ့မိတာက စခဲ့တဲ့ ဇာတ်လမ်းပါ ...။

"ဟဲ့ .. နင် မနေ့က စာရွက်တွေဝေတော ... ငါ့စာရွက်ကျမှ အပေါက်ကြီးနဲ့ ဖြစ်နေတယ် ... ပြန်လဲပေးမလား .."

မျိုးကစ,လို့ စကားသွားပြော ပတ်သက်ခဲ့ပေမဲ့ ... မျိုးရဲ့ လေသံနဲ့ ဟန်ပန်တို့ ကတော့ အထက်စီးနေရာကို ကြိုယူထားခဲ့တာပါ။ မျိုးရဲ့ စကားကြောင့် ... ကောင်လေးက မဝေရသေးဘဲ ကျန်နေတဲ့ စာရွက်ပုံကြီးထဲက အကောင်းဆုံးနဲ့ အချောအသန့်ဆုံး စာရွက်တစ်ရွက်ကို အထပ်ထပ်ရွေးချယ်ဆွဲထုတ်ယူပေးလိုက်ပြီးမှ ...

"အစ်မနာမည်က မျိုးမြတ်နော် ... ကျွန်တော်က အောင်မြင်ပါ"

အမယ် ...။ မျိုးမှာ တော်တော်လေးကို ပီတိဖြစ်ကျေနပ်ရပါသည် ။ သူ့အလုပ်နဲ့ သူ ရှုပ်ထွေး နေတတ်ပြီး ဘယ်သူ့ကိုမှ ဘာစကားမှ ဟဟမပြောတတ်တဲ့ ကောင်ကလေးက မျိုးကို ကျကာမှ ခပ်ပြုံးပြုံးကလေး နာမည်ပြော မိတ်ဆက်လို့ တဲ့ ...။ မျိုးရဲ့ နာမည်ကိုလည်း သိနေလိုက်သေး ...၊

"အစ်မ, မခေါ်ပါနဲ့ ... ငါ့ထက်လည်း ငယ်မဲ့ပုံ မရဘဲနဲ့ များ ... မျိုးမြတ်ပဲ ခေါ်ပေါ့ ... ရွယ်တူ ချင်းပဲဟာ ..."

သူ့ အဝတ်အစားတွေ ဘယ်လောက်ပဲ စုတ်စုတ်။ သူဟာ ဒီကျောင်းက အလုပ်သမားတစ်ပိုင်း လိုမှန်း ဘယ်လောက်ကြီး သိသာ သိသာ ... အတင်ကြီးကို ခင်မင်သိကျွမ်းချင်နေကြသော ကျောင်း သူများကြားမှာ မျိုးဟာ ကိုယ့်ကိုယ်ကိုယ်တော့ အဟုတ်ကြီးပေါ့ ...။ ရွယ်တူသူငယ်ချင်းမိန်းကလေး များ အပေါ် ခေါင်းတစ်လုံး ကျော်ပြချင်စိတ်နှင့် ... အောင်မြင်နဲ့ ခင်မင်ပြခဲ့တဲ့ မျိုးဟာ ... ခင်မင်မှု သက်တမ်းတွေ ကြာမြင့်

လာတာနဲ့ အမှု သူ့ရဲ့ ရုပ်ရည်ကလေးအောက်မှာ … တဖြည်းဖြည်း ကျ ဆုံး လာရချိန်မှာ …၊ သံယောဇဉ် ထားရမဲ့သူ၊ ခင်မင်သိကျွမ်းတဲ့ သူ …၊ နားလည်မှု ပေးနိုင်တဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက် ဆိုတာမျိုး အင်မတန်မှ နည်းပါးခဲ့ရှာတဲ့ အောင်မြင် ခမျာမှာ တော့ … မျိုးကို သေလုအောင်ပင် ချစ်ခင်နေခဲ့ပါပြီတဲ့ …။

မျိုးနဲ့ အောင်မြင်တို့ ရဲ့ အရေးအခင်းကို ကျောင်းက ဘာသာစုံဆရာ တွေနဲ့ ကျောင်းအုပ်ချုပ် သူတို့ တော်ရုံနဲ့ မရိပ်မိရလေအောင် ဝိုင်းဝန်းဖုံး အုပ် ကာကွယ်ပေးထားကြသူများမှာ တစ်ကျောင်း လုံးနီးပါးက ကျောင်းသား၊ ကျောင်းသူများ ပင် …။

သိပ်ကြီး လှျမ်းလှျမ်းတောက် ချမ်းသာသည့် သူဌေးသမီးတစ်ဦး မဟု တ်ခဲ့ပေမဲ့ … အခြေအနေ အရပ်ရပ်ကြောင့် ရွှေမင်းသမီးလေး တစ်ပါး လို ဖြစ်နေခဲ့တဲ့ မျိုးနဲ့ …၊ ရုပ်ချောသလောက် နုံချာ ရှာတဲ့ အောင်မြင်တို့ ရဲ့ အချစ်ရေးဟာ … ကလေးအားလုံးရဲ့ အသိစိတ်မှာ တော့ … ဟီးရိုးဆ န်လှတဲ့ နှလုံးသားပုံပြင်တစ်ပုဒ်လိုပေါ့လေ ..။ ကလေးသာသာတွေ ဆို တော့လည်း … ခိုးကြည့်ကြရုံ၊ အလစ် မှာ စာပေးရုံ၊ စကားပြောရုံထက် ပိုပြီး ဘာမှ လုပ်နိုင်ခဲ့ကြတာလည်း မဟုတ်ပါ။ အနေအထိုင်ရိုးပြီး ပိုက် ဆံလည်း မသုံးနိုင်ခဲ့တဲ့ အောင်မြင်ကလေးဟာ မျိုးတို့ အိမ်ကို ဖုန်းဆက် ဖို့ ကိုတောင်မှ … ကြိုးစားနိုင်ခဲ့တာ မဟုတ်ပါ …။

မျိုးတော့ ထိုခြောက်လ ခုနစ်လလောက် ကာလကလေးမှာ အရမ်း ပျော်ခဲ့ရတယ်လို့ ထင်တာ ပါပဲ …။ ကလေးချစ်ဆိုပေမဲ့ .. မျိုးကို သူ သိပ် ချစ်မြတ်နိုး … ယုံကြည်တယ် ဆိုတာ မျိုး ခံစားလို့ ရနိုင်သလို … မျိုးဘ က်ကလည်း သူ သိရှိခံစားလို့ ရအောင် ကိုယ့်ရဲ့ အတွင်းစိတ်ကို တတ်နို င်သမျှ ရှင်းရှင်းလင်းလင်းကြီး ဖွင့်ပြထားခဲ့တာပါပဲ …။

ဒါပေမဲ့ နောက်ဆုံးကျတော့လည်း ... ကလေးအတွေ့အကြုံလေးတွေနှင့် ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ကြီးပဲ ပိရိလုံခြုံလှပြီဟု ထင်ထင် ... ကျောင်းက ဆရာတွေနဲ့ ... မျိုးမေမေတို့ ထိုကိစ္စ ကြီးကို သိရှိသွားခဲ့ကြသည် မှာ တစ်ပြိုင်နက်တည်းလိုလိုပင် ...။

တကယ်ပါ ...။ အမှန်အတိုင်း ပြောရင် ... သမီးဖြစ်သူ ကျူရှင်ကျောင်းမှာ ရည်းစားထား ထားတယ် ဆိုတာကို သိလိုက်တဲ့ မေမေက မိဘအုပ်ထိန်းသူအဖြစ် ကျောင်းသို့ လိုက်အသိပေး ပြောဆိုဖို့ လိုက်ပါလာခဲ့စဉ်မှာ ဒီလောက်ကြီးတော့ စိတ်တွေဆိုး၊ ဒေါသထွက်၊ ဆတ်ဆတ်ခါခါ ဖြစ်နေခဲ့သေးတာ မဟုတ်ပါ ...။

“ငယ်ငယ်လေး ရှိသေးတယ် .. ကျောင်းစာကိုသာ အဓိကထားရမဲ့ အချိန်မှာ .. တက္ကသိုလ် ရောက်မှ ရည်းစားထားတာဆိုရင် .. ငါ ဘာမှ မပြောတော့ဘူး ...”

ဘာဘာညာညာ ကြိမ်းဝါးခဲ့ပေမဲ့ .. ဖေဖေ့ကိုတောင် ပြန်အသိမပေးခဲ့တဲ့ မေမေဟာ ... သူ ထင်နေသလို (ဒီလိုနာမည်ကြီး ကျူရှင်ကျောင်းကိုမှ လာတက်နိုင်တဲ့ အတန်းအစားထဲကဆိုတော့ ...) ခပ်မြင့်မြင့်ထဲက ကောင်ကလေးတစ်ယောက် မဟုတ်မှန်း သိလိုက်ရပြီး ... အောင်မြင်ကိုပါ မြင် လိုက်ရတာနဲ့ တစ်ပြိုင်နက် ...

“အမယ်လေး ... ကျွန်မ သမီးလေးရဲ့ ပညာရေးကို ထိခိုက်ပျက်စီးအောင် ကြံရွယ်တာပါ ... ဖူးဖူးမှုတ်ထားတဲ့ ကလေးမျိုးကိုမှ ပန်းကောင်းအညွန့်ချိုးဖြစ်အောင် ကြံစည်ရက်တာ ... မှန်းရဲလိုက် တာ ... မှန်းရဲလိုက်တာ ... အမယ်လေး ... လူကြည့်တော့ဖြင့် အနုတ်စုပ် ဂုတ်စုပ် ...။ တက်ချိုင်တာ ကျတော့ တကယ့် သဇင်ခေါင်ခက်ကိုမှ ပါပဲလား ...

ဒီမှာ ဆရာတို့ ရဲ့ … သမီးက ဘာမှ သိရတာမဟုတ်ပါဘူး … သူက သာ တမင်သက်သက် လိုက်နှောင့်ယှက်နေခဲ့တာ … ဒီလိုပုံနဲ့ သာဆိုရင် ဒီသမီးကလေး စိတ်ရှင်းရှင်းနဲ့ ပညာတွေ ကြိုးစား နိုင်ဖို့ … ဂုဏ်ထူး တွေတစ်သီကြီးနဲ့ တက္ကသိုလ်ရောက်နိုင်ဖို့ … ကျွန်မတို့ ဘယ်လိုလုပ်ပြီး မျှော်လင့် ချက်ထားဖို့ ဖြစ်နိုင်တော့မလဲ …”

အိမ်က ဆုံးမလာခဲ့သော “ငယ်လွန်းလှလို့ ”ဆိုတာမျိုး တစ်လုံးမှ မပါတော့ဘဲ … မတူမတန်၊ မတန်မရာ၊ အမြင့်မှန်း၊ အပိုင်ကြံ စသဖြင့် သော စွပ်စွဲချက်များ အောက်မှာ အောင်မြင်လည်း နေစရာ မရှိ …။ ဆ ရာတွေလည်း ဒုက္ခရောက် …။

ဒီကိစ္စဟာ နှစ်ဦးနှစ်ဖက်အပြစ်ဖြစ်မှန်း … ဆရာတွေရော တစ်ကျောင်းလုံးပါ သိသိကြီးဖြစ် ရက် … မျိုးရဲ့ မေမေက ဇွတ်စွပ်စွဲနေ တာရော …၊ ကာယကံရှင်ဖြစ်တဲ့ မျိုးကပါ အမေ့ကို ကြောက် စိတ်နဲ့ တ စ်သဘောတည်း ထွက်နေခဲ့တာရောကြောင့် … နောက်ဆုံးရလဒ်က တော့ .. (မျိုးဖေဖေရဲ့ မျက်နှာကိုလည်း ငဲ့ရဦးမည်ဖြစ်သည့်) ဆရာများ က အောင်မြင်ကို အလုပ်ဖြုတ် ကျောင်းပါထုတ်ပစ် လိုက်ကြရတော့တာ ပါပဲ။

အဲဒီတုန်းကတော့ ‘ထွန်းအိန္ဒြာဗို’ရဲ့ သီချင်းတို့ ဘာတို့ မပေါ်သေးဘူး ပေါ့လေ …။ ဒါပေမဲ့ လည်း ပဲ … မျိုးမှာ လွှမ်းဖျားလွှမ်းနာ မှန်သမျှ … ခေါင်းအုံးလေးကသာ အသိဆုံးပါဆိုသလိုပါပဲ …။ အဲဒီကျူရှင်ကျောင်းမှာ ကလည်း (အစောတုန်းက ဟီးရိုးလို သဘော ထားခဲ့ကြသော) ကျောင်းသား ကျောင်းသူအပေါင်းရဲ့ ချဉ်ဖတ်လိုဘဝကြီး အလိုလို ဖြစ်သွားရကာ … ကျောင်းတက်ရတာ မဖြောင့် တော့သဖြင့် … စာမေးပွဲဖြေရကာနီးကြီးကျမှ

ကျောင်းကပ်ပြောင်းလိုက်ရသေးသည် ။

ရွှေမင်းသမီးလေး မျိုးမြတ်နှင့် ... ဆင်းရဲသော လူချောကလေး အောင်မြင်တို့ ရဲ့ အချစ်ရေး ဟာလည်း ... တစ်ခန်းရပ်ပြဇာတ် ...။

အဲဒီတုန်းကတော့ ကြောက်လို့ သာ ငြိမ်နေခဲ့ရပေမဲ့ ကိုယ့်အမေကိုယ် အကြီးအကျယ် စိတ်ကွက်ခဲ့ဖူးတဲ့ မျိုးဟာ ... တက္ကသိုလ် ဒုတိယနှစ်လောက် အရောက်မှာ တော့ ... မေမေ့အပေါ် သဘော ထားတွေ ပြောင်းချင်လာပါသည် ။ အဲဒီအချိန်မှာ မျိုးဟာ ... ရုပ်ရည်လည်း သင့်တင့်ကောင်းမွန်တဲ့ ဘယ်လိုအဆင့်မြင့်မြင့် သူဌေးသားကိုမဆို ခေါင်းခေါက်ယူနိုင်တဲ့ အနေအထားမှာ ရှိနေပြီ ...။

ငယ်ဘဝက ရူးနှမ်းခဲ့ဖူးသော ဆင်းတောင့်ဆင်းရဲ ကောင်ကလေးဟာ အတွေးထဲတောင် ထည့်စရာမဟုတ်တော့ ...။ အဲဒီတုန်းက မေမေသာ ဝင်မကယ်ရင် .. ဆယ်တန်းဖြေအပြီး နွေ ကျောင်းပိတ်ရက်မှာ တင် .. အရူးရောဂါကသည်းပြီး .. ဘယ်အထိတောင် မိုက်မဲမိမလဲ မသိ ...။ ဒီလို တွေးမိတော့ ... ခုချိန်မှာ အကောင်းစားတွေ ဝိုင်းဝိုင်းလည်နေသည့် မျိုးမြတ်က ကြက်သီးများ တောင် ထချင်သည် ။ ရုပ်ကလေးတွေပဲရှိသည့် ကောင်လေးနှင့် ကောင်မလေး နှစ်ဦးသားတို့ ဟာ စျေးတောင်းခေါင်းရွက်ပြီး ဘဝမှာ ရုန်းကန်ရင်း ... အဲဒီရုပ်ကလေးတွေတောင်မှ ကျန်ပါတော့မလား မသိလေ ...။

မေမေကလည်း အမြင့်တကာ အမြင့်ဆုံးကိုမှ မှန်းသည် ။ မျိုးကလည်း ရနေတာတွေထဲက ...၊ ဝိုင်းဝိုင်းလည်တွေထဲကတောင်မှ မရွေးချယ်နိုင်သေးဘဲ ... “ဒီထက်ဒီ ပို, ပိုကောင်းသည့်သူတွေ များ နောက်မှ ထပ်ရောက်လာရင်အခက်”ဆိုတဲ့ အတွေးနဲ့ ... အချိန်းတွေကို ဆွဲထားပြီး အားလုံးကို အပြုံးချိုချို နှစ်သိမ့်စကားလေးများ နှင့် ကြိုးရှည်ရှည်နဲ့ လှန်

ထားမိသလိုလို အဖြစ်မျိုးပေ့ါလေ ...။

ကိုယ့်တန်ဖိုးကို မျိုးက သိပ်သိနေပြီ ...။ ဆယ့်ကိုး၊ နှစ်ဆယ်၊ နှစ်ဆယ့်တစ် ဆိုသော အသက် အရွယ်ဟာ .. ကလေးရုပ်ကလေးပျောက်ပြီး လှပသော မိန်းကလေးတစ်ယောက် အတွက် အစွမ်းကုန် စလှတော့မဲ့ အနေအထားမျိုးမှာ ဖြစ်နေပြီ။ ကိုယ်ရှိတာထက် ပိုနေပြချင်တဲ့ မေမေ့ကိုလည်း အပြစ် မြင်မနေချင်တော့ ...။

"ဣတ္ထိ၊ ရူပံ၊ ခနံ"... တဲ့ ။ ဖေဖေ ပင်စင်သွားပြီးတာနဲ့ ... ဖေဖေ၊ မေမေ၊ မျိုးနှင့် မျိုးရဲ့ မောင် လေး ... ဒီမိသားစုလေးယောက်အတွက် အခြေအနေမပျက် ဆက်လက်တင့်တယ်နေစေဖို့ ... ထိတ်ထိတ်ကြဲ တစ်ယောက်ယောက်ကို ရမှ ကို၊ ယူမှ ကို ဖြစ်မယ်ဆိုတာလည်း မျိုး အတွက် ဘဝပေးအသိ လိုကို ဖြစ်နေပါပြီ။

ပြောရရင်တော့ နှစ်ဆယ်ကျော် မျိုးဟာ .. ဆယ့်ခြောက်နှစ်သမီးမျိုးလို ဖြူဖြူစင်စင်နဲ့ စိတ် ရှင်းရှင်းကလေး မဟုတ်တော့ပြီ။ အတွက်အချက်ပေါင်း များ စွာနဲ့ Calculator ထိုင်နှိပ်နေတတ်တဲ့ မျိုးပဲ ဖြစ်နေပြီ။ အဲဒီအချိန်မှာ မှ ... ဘွဲ့လွန် မာစတာ .. ဆက်တက်နေတဲ့ မျိုးနဲ့ ... ခုမှ တတိယနှစ် ကျောင်းသားအဖြစ် တက္ကသိုလ်ထဲသို့ ရောက်လာခဲ့တဲ့ အောင်မြင်တို့ နှစ်ယောက် ပြန်ဆုံကြပြန်တော့ တာမျိုးလေ ...။

နှစ်ဦးသားဟာ လူစည်ကားရာ ကျောင်းဝင်ပေါက်လမ်းမကြီးတည့်တည့်မှာ မှ ... ဘွားခနဲ...။ သုံးစက္ကန့်လောက်စီတော့ ရပ်ကြောင်နေမိကြသေးသည် ။ ပြီးတာနဲ့ ပတ်ဝန်းကျင်ကိုမှ သတိမထား နိုင်မိလောက်အောင် ... ပြုံင်တူကြီးကို ပြေးဖက်မိကြလို့ ...။ ပတ်ဝန်းကျင် တစ်ခုလုံး ဝက်ဝက်ကွဲကို ဖြစ်သွားကြတော့တာပေါ့ ...။ "မျိုးမြတ်"ဆိုတာ ဒီတက္ကသိုလ်ပရဝုဏ်မှာ နည်းတဲ့ နာမည်နဲ့ လား ..။

အိုး … မျိုးဖြင်လေ … ဘဝပေးအသိတွေ၊ သမိုင်းပေးတာဝန်တွေ၊ Calculator တွေလည်း ခေါင်းထဲကနေ အားလုံး ကြက်ပျောက်ငှက်ပျောက်။ မျိုး သူ့ကို သိပ်ချစ်တာပဲ သိသည် ။ သူနဲ့ သာ ယူ ဖြစ်ခဲ့ရင် ခုချိန်မှာ ဈေးတောင်းခေါင်းရွက်ပြီး စုတ်ပြတ်နေရမှာ ပဲ … ဆိုတဲ့ နောင်တကြောက်စိတ် တွေကလည်း သွားစမ်းပါ အဝေးကို …။ ခြောက်နှစ်လောက် ကွဲကွာနေကြသည့် မျိုးနှင့် အောင်မြင် တို့ ဟာ ပထမဦးဆုံးအကြိမ်အဖြစ် ပြန်မြင်မြင်ချင်းမှာ ပဲ … တစ်သက်လုံး နေ့တိုင်းပဲတွေ့၊ နီးစပ်ခဲ့ကြ သူတွေလို … သိပ်ကိုချစ်၊ သိပ်ကိုနားလည်၊ သိပ်ကိုယုံကြည် …၊ သိပ်ကို …၊ သိပ်ကို …၊ သိပ်ကို …။ ကြတဲ့ ချစ်သူစုံတွဲအဖြစ် ချက်ချင်းကြီးပဲ ပြန်ဖြစ်သွားကြတော့တာလေ။

ကလေးသူငယ်တွေဘဝ ခြောက်လ၊ ခုနစ်လလောက် ပျော်ခဲ့ကြဖူးတာက ဒီအချိန်မှာ တော့ ဘာဆန်သလဲ …။ ကလေးဘဝတုန်းကလောက် အဖြစ်မဆိုးတော့သော်လည်း စုတ်ပြဲ၊ စုတ်ဆဲ၊ စုတ် လတ္တံ့သာ ဖြစ်နေသေးတဲ့ “အောင်မြင်”ဟာလည်း အချစ်စိတ်တွေ မွှန်တက်နေခဲ့ချိန်မှ မျိုး မျက်စိ ထဲ ဘယ်လိုမှ မနေ …။

“မျိုး … ကျွန်တော့်ကို ဒီလောက်ချစ်လိမ့်မယ်လို့ တောင် ကျွန်တော် ထင်မထားဘူး”တဲ့ …။ သူ့အသိက မှန်ပါသည် …။ မျိုးဟာ ဒီကမ္ဘာပေါ်မှာ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်မိဘနှစ်ပါးပြီးရင် … မျိုးနဲ့ သိပ်မတည့်လှတဲ့ ၊ မျိုးအပေါ် ဆိုးတတ်တဲ့ မောင်လေးကိုပင် သူ့လောက်မှ ချစ်မိပါရဲ့ လား မသိ။ မွှန်ထွန်ပြီး … ဘာမှ ကို မမြင် မသိ၊ ခေါင်းထဲ ထည့်မထားနိုင်လောက်အောင် ဖြစ်ရတဲ့ အချစ်မျိုးက တော့ တစ်ကမ္ဘာလုံးမှာ သူ့ တစ်ယောက်တည်း အပေါ်မှာ သာပါပဲ။

ဒါပေမဲ့လည်း နော် …။ ဘယ်အရာမှာ မဆို … အတက်ပြီးရင် အကျ

ဆိုတာ ရှိတတ်သတဲ့ …။ စိတ်အခြေအနေဆိုတာလည်း ဤအတိုင်းပေါ့ …။ တက်ဟေ့ … တက်တက် …။ ပြီးရင် တစ်ချိန်ကျ တော့ ပြန်ကျလာရော …။ အမြင့်မှန်ဆိုတာကလည်း အမြင့်မှားတွေ ရှိခဲ့ပြီးမှ နောက်ကကပ်လာ တတ်တဲ့ အကြံကောင်း ဉာဏ်ကောင်း အသစ်ကို ခေါ်ဆိုတာလေ …။ "တဟု န်ဟု န်" မွှန်တက် ခဲ့သော အချစ်စိတ်တွေ … (ပြန်ကျတယ်လို့ တော့ မပြောချင်ပါဘူးလေ … မကျခဲ့ပါဘူး …။ ဘုရား သိပါတယ်။) ထိပ်မှာ တင် တည်ငြိမ်ပြီး အနည်ထိုင်စ ပြုချိန်မှာ အမြင့်မှန်ကို စမြင်လာနိုင်ပြီ ဆိုပါစို့ …။

မျိုးတော့ မျက်ကန်းတစ္ဆေမကြောက် ဖြစ်နေမိပြန်ပြီ ဆိုတာကိုလေ …။ နံပါတ်တစ် … ပထမ ဦးဆုံး မျိုးကို မျိုး မေးခွန်း ထုတ်ကြည့်မိသည် ။ မျိုး ဆင်းရဲခံနိုင်သလား …။ အို … နည်းနည်းလေး မှ ကို ခံနိုင်မှာ မဟုတ်ပါဘူး …။ အချစ်စစ်အချစ်မှန်တို့ မည်သည် မှာ လည်း ဆင်းရဲမွဲတေလွန်း လာပြီး အဘက်ဘက်ကနေ ဒုက္ခတွေ ရောက်လာကြရတဲ့ အခါ … ပျက်ပြားလွင့်ပြယ်ကုန်ကြရတာပါပဲ ဆိုတာ … မျက်တွေ့လည်း ရှိသည် ။ စာတွေ့လည်း ရှိသည် ။

မျိုးကတော့ လောဘနည်းနည်း ပိုမိတာက ဆင်းရဲမခံနိုင်တဲ့ အပြင် … သိပ်ကြီး ရုန်းကန် မနေချင်တာကလည်း ပါသေးသည် ။ ကျောင်းသားကျောင်းသူဘ၀ မိဘပိုက်ဆံ လက်ဖြန့်သုံးနေရချိန် ကတော့ ဘာအရေးလဲနော် …။ နောင်ကလာ … ကိုယ့်ဘ၀ကိုယ် ထူထောင်လိုက်ချိန်မှာတော့ အဲဒီ လက်က ဖြန့်လို့ မှ မရတော့တာ၊ ပိုဆိုးတာက ကိုယ်က သွားဖြန့်လို့ မရတော့မဲ့အပြင် … စားနိုင် သောက်နိုင် ပေါပေါသုံး ဆိုတာထက် မပိုခဲ့တဲ့ ကိုယ့်မိဘတွေက အဲဒီအခါကျ … ကိုယ့်ကိုယ်ပင် ပြန် မှီခိုချင် မှီခိုနေရတော့မှာ …။

"ကျွန်တော် ... အစွမ်းကုန်ကြိုးစားပါ့မယ် ... မျိုးရယ် ..."တဲ့ ။ ယုံပါတယ်လေ ...။ ဒါပေမဲ့ သူ အစွမ်းကုန်ကြိုးစားနေချိန်မှာ ကိုယ်လည်း ထိုင်နေလို့ ရမှာ မှ မဟုတ်တာ ...။ တူတူတန်တန် ဘဝမျိုး ရနိုင်လာတဲ့ အထိဆိုရင် ကိုယ်လည်း ... အစွမ်းကို ကုန်ရတော့မှာ ...။ ရုန်းကန်ပြီး တော့ကို တက်ရမှာ ...။

ပြီးကျတော့ အစွမ်းကုန် ကြိုးစားတိုင်း လျှမ်းလျှမ်းတောက် ဖြစ်လာပါမယ်လို့ ကော ဘယ်သူ က အတိအကျ ပြောလဲ ...။ တစ်သက်လုံး ဒီလိုပဲ ရုန်းရင်းကန်ရင်း၊ အစွမ်းကုန်ရင်း ... သေတဲ့ အထိ ငြိမ်ငြိမ်ကို မနေလိုက်ရမှာ မျိုးလည်း ဖြစ်နိုင်ချေရှိတာပဲ မဟုတ်လား။ ကိုယ့်မှာ ကိုယ့်ရုပ်ကိုယ့်ရည်၊ ကိုယ့်ဘဝပေးကုသိုလ်ကံအရ ငြိမ်ငြိမ်ကလေး သက်သောင့်သက်သာ ... အဆင့်မြင့်မြင့်ကလေး ဖြစ် နိုင်ချေတွေ အများကြီး ရှိနေပါရက် ... မျက်ကန်းတစ္ဆေမကြောက် ... ဆီပူအိုးထဲ စုံနှိုက်တော့မည်ဆို ရင် ... မျိုးလောက် ... မိုက်မဲတဲ့ သူ ရှိပါဦးမလား ...။

အမြင်မှန်လား ... ဘာလား မသိတာတွေကို စတွေးတတ်လာမိစဉ်မှာ မျိုးက တွေဝေစပြုပြီ။ ဤကောင်ကလေးဟာ မျိုး နံဘေးမှာ ပတ်ပတ်လည်ဝိုင်းလျက် ယခုထက်ထိပင် စောင့်မျှော်နေကြဆဲ ဖြစ်သော ... ထိတ်ထိတ်ကြဲများ လောက် မျိုးကို ပျော်ရွှင်ချမ်းမြေ့စေနိုင်ပါ့မလား ...။

လောကကြီးမှာ တူနှစ်ကိုယ် ချစ်နေကြတိုင်းလည်း ချမ်းမြေ့နေနိုင်တာ မဟုတ်ဘူး နော် ...။ 'ပိုက်ဆံ'ဆိုတာ တစ်ခု အရေးတကြီး မဖြစ်မနေ လိုအပ်နေပြီဆိုရင် ... ဘယ်သူမှ မျက်နှာချင်းဆိုင် ငုတ်တုတ်ထိုင်ပြီး ချမ်းမြေ့မနေနိုင်တော့ဘူး ...။

တကယ်တော့ မျိုးတို့ တွေ ဖြုန်းခနဲ မျက်နှာချင်းဆိုင်ကြီး

ပြန်တွေ့ကြစဉ်မှာ မျိုးဟာ (ပထမ တစ်ကြိမ်လည်း နောင်တရ အမြင်မှန် ရဖူးပြီးပြီပဲ) လှည့်လို့ ကို ရှောင်ထွက်ပစ်ခဲ့ရမှာ ...။ အဲဒါဆိုရင် သူ့ကို နောက်တစ်ခါထပ်မံပြီး ဒုက္ခပေးမိရာလည်း မရောက် ...။ အေးလေ ... ဘယ်လှည့်ထွက်နိုင်ခဲ့ မှာ လဲ ...။ မျိုးက အောင်မြင်ကို သိပ်ချစ်တာကိုး။ ခုလည်း ချစ်ဆဲပါ။ တွေဝေပြီး .. အမြင်မှန် နောက် တစ်ကြိမ်ထပ်ရလာပြန်တာသာ ရှိတာပါ။

ဒီတစ်ခါမှာ တော့ မေမေ ကိုယ်တိုင် ကျောင်းလိုက်ကြဲဖို့ လည်း မလို ...။ မေမေ့သမီး မျိုးမြတ် ကသာ ကိုယ့်အလိုလို ဆုံးဖြတ်ချက် ချနိုင်ရမှာ မျိုးပါ။ မေမေကတော့ ကိုယ့်သမီးပဲ ... "အရင်တစ် ခါက အောင်မြင်က လေးရယ်ပဲ"လို့ အတိအကျ မသိပေမဲ့ ... ကိုယ့်သမီးဖြစ်သူက ဟန်ဟန် ပန်ပန် မဟုတ်လှတဲ့ သူတစ်ယောက်နဲ့ တွဲနေပြန်တာကိုတော့ အမေပဲ လေ ... သိတာပေါ့ ...။

"အဲဒီတစ်ယောက်နဲ့ ပဲ လက်ထပ်ဖြစ်တော့မလို့ လား"တဲ့ ။

ခပ်တည်တည်ပေမဲ့ ... ခပ်အေးအေးပါပဲ ...။ နှစ်ဆယ့်နှစ်နှစ်သမီးမျိုးကို ဆယ့်ခြောက်နှစ် သမီးမျိုးထက် ပိုမိုစိတ်ချပြီးဟန် ...။ မေမေ့ကို ခေါင်းခါပြလိုက်မိပြီးတဲ့ နောက်မှာ တော့ တွေဝေ ဆုတ်ဆိုင်းနေခဲ့တဲ့ မျိုးဟာ ယတိပြတ် ဆုံးဖြတ်ချက်ကို တစ်ဖက်သတ်ပဲ ချလိုက်နိုင်ပါပြီ။

ဝိုင်းဝိုင်းလည်နေဆဲ အကောင်းစား အားလုံးထက် သာလွန်သယော င်ရှိတဲ့ ... "အောင်နိုင် ထွန်း"ဆိုတဲ့ သူ တစ်ယောက်ကလည်း ... အတိုင်း ထက်အလွန် ထိတ်ထိတ်ကြဲအဖြစ် ... မျိုး အပါး ကို ("ဒါပဲ နင်နဲ့ သင့် တော်တဲ့ သူ"လို့ တန်ခိုးရှင်တစ်ပါးပါးက ဘွားခနဲ လာချပြလိုက်သလို) ရုတ်ခြည်းပဲ ရောက်ရှိလို့ လာခဲ့ပြီလေ ...။

ဒီတစ်ခါ ခွဲခွာခြင်းကတော့ Gulity (အပြစ်မကင်း) ဖြစ်ရလွန်းပါသည် ။ မွေးသမိခင်ရဲ့ နာမည်ကိုပဲ ယူသုံးဖြစ်ရတာ စိတ်တော့ မကောင်း၊ မလုံပေမဲ့ ... ဒါဟာ မျိုး ကိုယ်တိုင်ရဲ့ ဆန္ဒမှန်အ ပြင် ... မေမေ့ရဲ့ ဆန္ဒလည်း ပဲ ဖြစ်တော့ ဖြစ်နေမှာ ပဲ မဟုတ်လား ...။ လုံးလုံး ညာတာတော့ မဟုတ်။

"မိဘသဘောတူတဲ့ သူနဲ့ ပဲ ယူရတော့မယ် ..."

ကိုအောင်နိုင်ထွန်းကို လက်ညှိုးညွှန်ပြပြီး ပြောမိတော့ ... မျှော်လင့်ထားသလို ဝုန်းဒိုင်းကြဲ ပေါက်ကွဲတာမျိုးတွေ တစ်လုံးတစ်ပါဒမျှ မရှိခဲ့တဲ့ အောင်မြင်က ....

"ဒုတိယအကြိမ်ပေ့ါနော် ... အောင်မြင်က နာမည်နဲ့ လိုက်အောင် လုပ်မပြနိုင်သေးဘူး ... ဒီလူကတော့ သူ့နာမည်အတိုင်းပဲ အနိုင်ရသွားနိုင်ပြီပေ့ါ ..."

ပြီးလျှင်တော့ မျိုးကို စေ့စေ့ကြည့်ကာ ....

"မစွန့်စားရဲဘူးလား .. စွန့်စားဖို့ စိတ်ကူးမရှိဘူးလား ... မိဘစကားကို တကယ်ပဲ မပယ်ရှား တတ်တဲ့ သမီးလိမ္မာလေးပဲလားဟင် ... ကျွန်တော့်ကို မျိုး အရမ်းချစ်တာတော့ ကျွန်တော် ယုံကြည် ပါတယ် ... ဒါပေမဲ့ အဲဒီအချစ်တွေနဲ့ ပဲ နှစ်ခါတိတိ ကျွန်တော် ခံလိုက်ရတာနော်၊ ဆင်းရဲတယ်ဆိုတာ ... တော်တော်မကောင်းဘူးပေ့ါနော် ... မျိုး ..."

လွန်ခဲ့တဲ့ ခြောက်နှစ်က ဆရာတွေရှေ့မှာ တရှုံ့ရှုံ့ငိုနေခဲ့တဲ့ ဆယ့်ခြောက်နှစ်သမီးလေးဟာ သူ့ အမေ အလစ်မှာ တော့ ချစ်ရတဲ့ ကောင်ကလေးထံ မျက်ရည်တွေ ကြားထဲကပဲ ... အကြိမ်ကြိမ်ခိုးပြီး ကြည့်နေခဲ့ဖူးပါရဲ့ ...။ ဒီတစ်ချီမှာ တော့ (ခေါင်းငုံ့ချထားရင်လည်း အင်မတန် သိသာလွန်းတော့မှာ မို့) ရင်ဆိုင်မကြည့်ရဲတိုင်း ဟိုးအဝေးကြီးဆီ

ကိုပဲ မျက်နှာလွှဲထားဖြစ်ခဲ့ရသည် ။ မျိုးဟာ ရှင်နဲ့ ပြန်မဆုံဖြစ် ကြခင်ကတည်းက Calculator တစ်လုံး ကိုင်ထားတတ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့တာပါ အောင်မြင်ရယ် ...။ ရှင်နဲ့ ဗြုန်းခနဲကြီး တွေ့လိုက်ရတော့ အဲဒီ Calculator ကို ယောင်ယမ်းပြီး ဘေးနားခဏချထားမိလိုက်တာပါ။ လွှင့်မပစ်ပါဘူး ...။ အခု ပြန်ကောက်ကိုင်လိုက်ပြီဆိုတဲ့ သဘော ပါ။

ဒုတိယတစ်ချီကတော့ ကိုယ်တိုင်ရဲ့ ရွေးချယ်မှုပဲမို့လို့ ခေါင်းအုံးတွေဘာတွေလဲ သိပ်ကြီးရှုံ့ရှုံ့ နစ်နစ်နဲ့ နေပူထုတ်လှမ်းမနေရတော့ ...။ ရင်ထဲ အသည်းထဲမှာ အောင့်ကျိမ်းပြီး အခံရ ခက်လှ တာကို ... အဲဒီ ခေါင်းအုံးနဲ့ ပဲ အချိန်တော်တော်ကြာကြာ ဖိထားခဲ့ရတာမျိုးတော့ ရှိခဲ့တာပေါ့လေ။

*

"ဆရာ ... ဆရာ"ခေါ်သံများ ဝေစီကျယ်လောင်ပြီး ထွက်ပေါ်လာလျှင် ... ရုံးကင်န်တင်းက လက်ဖက်ရည်ဆိုင်မှာ လာဆင်းထိုင်နေကြသည့် မျိုးတို့ တစ်အုပ်လုံး ... သမင်လည်ပြန် ခေါင်းတွေ နှင့် လှမ်းကြည့်လိုက်မိပါသည် ။

အလုပ်ဝင်ပြီးခဲ့တာ နှစ်ပတ်ရှိပြီ။ ယခုအချိန်ထိ မျိုးနှင့် (ဖြတ်သွားဖြတ် လာလောက်ကလွဲလို့ ) သေချာကြီး မဆုံဖြစ်သေးသော အောင်မြင်က ... သူ့ထုံးစံအတိုင်း မင်းသားတစ်ပါးရှုံးလောက်သော သွင်ပြင်ဟန်ပန်နှင့် ... ရုံးကင်န်တင်းထဲသို့ ... နောက်လိုက်နောက်ပါများ မပါ ...။ တစ်ဦးတည်း ဝင်ချလာခဲ့လေသည် ။

"ဆရာ ... လက်ဖက်ရည် သောက်မလို့ ပါလား ..."

မျိုးတို့ စားပွဲမှ ကလေးမလေး တစ်ယောက်က လှမ်းအော်မေးလိုက် တာကို လက်ကာပြုးပြ လိုက်တဲ့ အောင်မြင်က ... မျက်လုံးအဝေ့မှာ မျိုး ကို မြင်သွားပုံ ရပါသည် ။ မျက်ခုံးနှစ်ဖက် မြင့်တက်ကာ ... မျိုးတို့ စားပွဲ ဆီသို့ တန်းတန်းမတ်မတ်ပင် လျှောက်လှမ်း လာလေသည် ။

စားပွဲက ကောင်မလေးအားလုံး ပြူးပြူးပျာပျာ ကမူးရှူးထိုးနှင့် ထိုင် ရမလို၊ ထရမလိုတွေ ဖြစ်ကုန်ကြသည် ။ ဆယ့်ခြောက်နှစ်သား စုတ်တီး စုတ်ပြတ် ဘဝကပင် ကျောင်းသူကလေး အပေါင်း ကို ဘာလုပ်လို့ ဘာ ကိုင်ရမှန်းမသိနိုင်ကြအောင် ဖမ်းစားနိုင်ခဲ့တဲ့ အောင်မြင်က ခုလို လျှမ်း လျှမ်း တောက်တောက်ဘဝမှာ ဆိုတော့ ... မိန်းကလေးတွေ ထိုင်ရမလို၊ ထရမလို ... ဘာတွေမှန်းမသိ ဖြစ် ကုန်ကြရတာ ဘာမှ မဆန်း ...။

မျိုးကတော့ အမြင်ကတ်ကတ်နဲ့ ကို ... တစ်ချက်လှည့်ကြည့်ပြီးတာ နဲ့ ... ခေါင်းပြန်လှည့်ကာ ... ကိုယ့်လက်ဖက်ရည်ပဲ ကိုယ်ပြန်မဲပြီး သော က်နေသည် ။ မျိုးလည်း နောက်ထပ် နှစ်ကြိမ်လောက် တော့ ထပ်ကြည့် လိုက်ချင်သေးတာပေ့ါ ...။ ကိုယ်နဲ့ သူ ဒီလိုအခြေအနေ ... ဒီလိုဘဝတွေ နဲ့ ပြန်ဆုံကြ ရပြန်ပြီဆိုတဲ့ အခါမှာ ... သူ့အနေနဲ့ အထက်စီးက ဖိပြော၊ ဂုဏ်ယူ၊ လက်မထောင်ရုံမျှမက ... နင်ပဲ ငဆ ဟားတိုက်ပြဦးမည် ဆိုရ င်တောင် ... ကိုယ်အပြစ်ရှိခဲ့တဲ့ မျိုးက ... အေးဆေးပဲ ခံယူဖို့ ဆုံးဖြတ် ပြီးသားပဲဟာကို ...။

ခုကျတော့ သူ ထွင်လွှန်းပုံက မျိုးရဲ့ အသည်းကို ... ဓားပါးပါးနှင့် လာခြစ်နေတော့သလို ...။ ယားလည်း ယား ...၊ နာလည်း နာ ...။ မျိုးနဲ့ နေ့စဉ် ထိတွေ့ဆက်ဆံနေရတဲ့ ဒီကုမ္ပဏီရဲ့ ပိုင်ရှင် ဦးအောင်မြင်ဟာ ... သူ မဟုတ်ဘဲ ... သူ့လောက်မပြောပါနဲ့ ... သူ့အိမ်က ဒရိုင်ဘာလောက် မျှပင် သနရုပ်ပမရှိသော လူတစ်ယောက်ပဲ ဖြစ်နေရသေးသတဲ့ ...။ လို

က်စုံစမ်းတော့လည်း အဲဒီလူဟာ တကယ့်ကို မှတ်ပုံတင်နာမည်က အစ "အောင်မြင်"။ အားလုံးကလည်း တညီတညာတည်း ... "ဒီ ကုမ္ပဏီပိုင်ရှင်လေ"ဟု ထွက်ဆိုကြသည် ။

သို့သော် ... ထိုအားလုံးကိုယ်၌ တွေကပဲ ... ထိုကုမ္ပဏီပိုင်ရှင်ပါဆိုတဲ့ "အောင်မြင်"ကို ... သူတို့ ဆရာ အောင်မြင်လောက် မဖား၊ မကြောက်၊ အလေးမထားကြတာ ကိုယ့်မျက်မြင်လေ ...။ မဆန်းဘူးလား ...။ အို ... မဆန်းပါဘူး ...။ အဲဒီကတည်းကကို တစ်ခုခုဟာ တစ်ခုခုပဲဆိုတာ ကျိန်း သေနေတာပဲဟာ ...။

အမယ် ... တစ်ခါတလေကျ ... သူကပဲ ... ထိုအောင်မြင်ကို "ကိုယ့်ဆရာ ... ဆရာသမား" စသဖြင့် ခေါ်လိုက်သေးသံကို ကြားရသေးသည် ။ ပြီးကျတော့ ... လုပ်ငန်းအစုစုတို့ ရဲ့ အဓိက ဆုံးဖြတ်ချက်တွေကျရင် ... ထိုအောင်မြင်ဟာ သူ့ကိုချည်း ဆရာတင်ကာ နားမလည် ပါးမလည်လေး နှင့် အဆုံးအဖြတ်ကို စောင့်ရစမြဲ ...။

အသည်းယားလိုက်တာနော် ...။ ဒါ ... မျိုးကို သက်သက်မဲ့ သင်ခန်းစာ Lesson (I) အဖြစ် ထုတ်ပြန်ထားတာပဲ မဟုတ်ဘူး လား ...။ အဲဒီလိုဆိုပြန်ရင်လည်း ... မျိုးကို အကြောင်းပြ ချင်ရုံလေး သက်သက်နဲ့ ... မတစ်ရာသား ဒီတစ်ရုံးလုံးကို ... တညီတညွတ်တည်း နှုတ်လုံနေ အောင် ... သူ ဘယ်ပုံများ ထိန်းချုပ် မှာ ကြားထားနိုင်ပါလိမ့် ...။ အဲဒါကကိုက သူ့အရည်အချင်း တစ်ခု ဖြစ်နေနိုင်တာပဲ ...။

တကယ်ပဲ သူဟာ ဒီကုမ္ပဏီကြီးရဲ့ ပိုင်ရှင်တစ်ယောက် ဟုတ်မနေဘဲ ... ဟို အောင်မြင်ကသာ အစစ်အမှန်ဖြစ်ရက်၊ အစွမ်းအစမရှိရှာလို့ သူ့ကို ပြန်အားကိုးနေရတာလည်း ဖြစ်တော့ ဖြစ်နိုင်တာပါ ပဲ။ အဲဒါကြောင့် မို့လို့ ပဲ ဝန်ထမ်းအားလုံးရဲ့ အပေါ်မှာ ... အစွမ်းအစမရှိတဲ့ ပိုင်ရှင်ထက်

... သူကပိုပြီး သြဇာသက်ရောက်နေခဲ့တာလည်း ဖြစ်တော့ ဖြစ်နိုင်တာပါပဲ ...။ ဒါပေမဲ့ အဲဒီလို ရိုးရိုးကလေး ဖြစ်နိုင်ချေကိုပဲ ... မျိုးကတော့ တယ်မထင် ...။

သူ ချမ်းသာကြီးပွားလာတာ ... မျိုးကို ဂုဏ်လုပ်ရင် မျိုး ခံနိုင်သည် ။ ကွယ်ဝှက်ဖုံးအုပ်ထား ရင်တော့ ... “ဒါသက်သက်စော်ကားတာ”ဟု မြင်ချင်လေသည် ။ အမှန်အတိုင်းပေးသိရင် မျိုးက ဘာများ ထလုပ်မှာ မို့လဲ ...။ တစ်ခုခု ထင်ရက်ရင်တော့ ဒါ မျိုး အပေါ်မှာ သူ လွန်တာပဲ ...။

မျိုးကချည်း လွန်ခဲ့ဖူးပေမဲ့ ... သူ စလွန်လာတာကိုတော့ မျိုးမှာ ဆတ်ဆတ်ထိ မခံနိုင်ပင် ဖြစ်ရတော့သည် ။ ခုချိန်မှာ (စုံစမ်းထားချက်အရ) သူလည်း လူလွတ်လူပျို ...၊ မျိုးလည်း အပျိုလူလွတ် ...။ အဲလို ဖြစ်နေလို့ ကို မျိုးက ပိုပြီးဆတ်ဆတ်ခါနာတာ ...။ အဲလိုဖြစ်နေလို့ ကို ... တစ်ခုခု ထင်ရက်ပြီး မျိုးကို ဟန်ဆောင်ထားတာလို့ မျိုးက ယူမှတ်နေမိတာ ...။

ပြီးကျတော့ (ရယ်စရာပြောတာ မဟုတ်ပါ) ထို ကုမ္ပဏီပိုင်ရှင်ဆိုသူ အောင်မြင်ဟာ ... ဒီ ထက်နည်းနည်းလေးလောက် ပိုကြည့်လို့ကောင်းပြီး သာမန်ရုပ်ရည်မျိုး ဖြစ်နေရင်တောင် ... မျိုးရဲ့ သံသယက ဒီလောက်ကြီးချင်မှ ကြီးမှာ ...။ ခုတော့ ... “ဂရိတ်သူဌေး၊ လူပျိုလူလွတ်၊ သို့သော် ... ရုပ်ဆိုးကြီး ...”ဆိုတဲ့ ဇာတ်ရုပ်ကို မျိုးအနားမှာ မှ တမင်ကပ်ပြီး ချပြထားတာဟု မျိုးက မြင်ကိုမြင် နေသည် ။

အလို ... သူ့ရဲ့ ဦးတည်ရာဟာ ... တကယ်ပဲ မျိုးတို့ စားပွဲဆီသို့ပဲ ဖြစ်နေခဲ့တာကိုး ...။ သူ မျိုးတို့ စားပွဲနားမှာ ရပ်လိုက်သောအခါ စားပွဲရှိလူကုန် “ဝုန်း”ခနဲ ထရပ်လိုက်ကြသည် ။ မျိုးမှ လွဲ၍ ...။

“ထိုင်ကြပါ ... ထိုင်ကြပါ ... ကျွန်တော်က ဒေါ်မျိုးမြတ်နဲ့ ပဲ ပြောစ

ရာရှိတာပါ ... ဒေါ်မျိုးမြတ် ... ခဏလောက် ... ပလိ(စ်)”

ဘာထွင်ပြန်ပြီလဲ ...။ အလုပ်ဝင်ပြီးတာ နှစ်ပတ်ရှိပြီ ...။ မျက်နှာချင်းဆိုင်တွေလည်း ဖြတ်သန်းသွားလာရင်း ဆုံဖူးကြပြီးပြီ။ အဲဒါကိုပဲ ဘယ်တုန်းကမှ မသိ၊ မပတ်သက်ခဲ့ကြဖူးတဲ့ လူသူ စိမ်းတွေနှယ် ... သူက ဆက်ဆံလေတော့ ...၊ မျိုးကလည်း မျက်လုံးထောင့်ကပ်ကြည့်၊ စွေကြည့်၊ ခိုး ကြည့် တွေလောက်ကလွဲလို့ အလိုက်အထိုက်ပေါ့ ...။ ဘယ်စန္နတ်ဆက်ရဲပါ့မလဲ ...။ ဟိုးအရင်ကလို ပြေးဖက်ပစ်လိုက်ဖို့ ဝေးလို့ ... ဘယ်အချိန်လောက်မှာ များ ငါ့ကို ထတွယ်၊ ထချဲပစ်လိုက်တော့မှာ လည်း ရယ်လို့ ... အပြစ်မကင်းခဲ့သူပီပီ ... တထိတ်ထိတ်နဲ့ ပေါ့ ...။

အမယ် ... ခုကျတော့ “ဒေါ်မျိုးမြတ်နဲ့ ပဲ ပြောစရာရှိသတဲ့ ”။ မျိုး ခမျာမှာ တော့ လှပလှသော ခြေလှမ်းကျဲများ နောက်သို့ ကုပ်ကုပ်က လေးနှင့်သာ တကောက်ကောက် ...။ “ရှင် ဘာတွေဟန် ဆောင်နေတာလဲ”လို့ မေးချလိုက်ရမလား ...။

ကင်န်တင်း အပြင်ဘက်မှာ ရုတ်တရက် ရပ်တန့်ပြီး မျိုးဘက်သို့ သူက မေးဆတ်ပြလိုက် သည် နှင့် ... မျိုးသည် စိတ်မထိန်းနိုင်တော့စွာ ...

“ဒီနေ့ ရှင့်ဆရာသမားဟု ဆိုသော သူကော ... မနက်ကတည်းက မတွေ့ပါလား ...”

သူ ချိုးယူထားသော အခြေအနေထက် ပိုရင်းနှီးနေသည့် လေသံကို သူက သိပ်လက်မခံနိုင်သ လို မျက်မှောင်တွန့်တွန့်နှင့် ...

“သူဌေးက တခြားလုပ်ငန်းတွေဆီလည်း သွားရသေးတာပေါ့ ... သူ့မှာ ဒီတစ်လုပ်တည်းမှ မဟုတ်တာ ... ဒီကုမ္ပဏီမှာ တော့ ကိုယ်ရှိနေရင် သူက ပြီးတယ်လေ ... ယုံတယ်ပေါ့ ... အဲဒီတော့ ဒီအလုပ်ထဲမှာ တော့

ကိုယ်က အကြီးဆုံးလို ဖြစ်နေတယ် … ဒါပေမဲ့ လခစားပါ … အပြောနဲ့ အလုပ် တော့ မညီနိုင်သေးပါဘူး …”

မျိုးက ခေါင်းလေးနည်းနည်းစောင်းကာ သူ မမြင်နိုင်အောင် နှုတ်ခမ်းကို ရွဲ့စောင်းလိုက် သည် ။

“ဒါနဲ့ … မေးချင်တာက CV (ကိုယ်ရေးရာဇဝင်) မှာ အိမ်ထောင်ရေး အခြေအနေ … ‘အပျို’ လို့ တွေ့ရတာ ဘာ့ကြောင့်လဲ … လိမ်မလျှောက် လောက်ဘူးလို့ တော့ ထင်ပါတယ် …”

အောင်မာ … မျိုးကပဲ အသက်ကြီးသုံးဆယ် ရှိကာမှ … “အပျို”လို့ လိမ်လျှောက်ရဦးမတဲ့ လား …။ ပြောလိုက်ရရင် မကောင်းဘူး။ သို့သော် … နှုတ်ထွက်ကတော့ ယဉ်ယဉ်ကျေးကျေးပင် ဖြစ်စေကာ …

“အိမ်ထောင်မပြုဖြစ်ပါဘူး”

“အား … ဟို … အောင်နိုင်ထွန်းဆိုတဲ့ … ဂရိတ်နဲ့ လေ …”

“သူနဲ့ ကော … ဘယ်သူနဲ့ မှ ကော … မယူဖြစ်ဘူး …”

ထိန်းထားတဲ့ ကြားက နည်းနည်းတော့ ဆတ်ချင် လာပြီ။ ကိုယ် အထိနာခဲ့ရတဲ့ ဇာတ်လမ်းကို ဘယ်သူကများ ဝမ်းသာအားရ နှစ်နှစ်ကာကာကြီး ဇာတ်ကြောင်းလှန်ချင်ပါ့မလဲလေ …။ ပြောရင်းနဲ့ ပြန်သတိရမိလာပါပြီ …။ ထို … အောင်နိုင်ထွန်းဟာ … အဘက်ဘက်က ထိတ်ထိတ်ကြဲ တစ်ယောက်လည်း ဖြစ်ပါရက် … လူကောင်းလူချွတ်လေး တစ်ယောက်လည်း ဖြစ်နေပါရက် … Ma Ma’s Boy (အမေ့သား)ကလေးပါ ဖြစ်နေခဲ့သေးတာကတော့ ကိုယ့်ရဲ့ ကုသိုလ်ကံပင် …။

ကိုအောင်နိုင်ထွန်းကို လက်သင့်ခံလိုက်တော့ … အမေလည်း ဝမ်းသာ … သမီးလည်း စိတ် ချမ်းသာ …။ ထိုဂရိတ်သူဌေးသားကလေးက

လည်း … သူ့ရဲ့ ချစ်ခြင်းမေတ္တာကို ငွေတွေ၊ အဆောင် အယောင်တွေ၊ ပစ္စည်းပစ္စယတွေနဲ့ သာ ပြတတ်သူ ဖြစ်နေလေတော့ … နဂိုကမှ Calculator ကိုင်ထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ စိတ်ဓာတ်ကို ပိုမိုဖျက်ဆီးခဲ့တာဟာ သင်းပဲဆိုကြပါစို့ …။

"ဒီလိုလူမျိုးနဲ့ ချစ်သူဖြစ်ရတာတောင်မှ ဒီလိုမျိုးတွေ ခံစားနေရပါလား …၊ ဒါတောင် ချစ်သူ ဘဝ ရှိသေးတာ .. လက်ထပ်ပြီးတာ မဟုတ်သေးဘူးနော် …"လို့ အမေရော သမီးပါ … ဂုဏ်ယူခြင်း ပေါင်းများ စွာနဲ့ … မိုးမမြင် လေမမြင် ဖြစ်လာရတော့တာပေါ့ …၊ တစ်သက်မှာ နှစ်ခါ … သို့သော် လူကတော့ တစ်ယောက်တည်းနှင့် ချစ်သူရည်းစား ထားခဲ့ဖူးတဲ့ မိန်းကလေးဟာ … ကိုယ့်ရဲ့ အိမ်ထောင်ဖက်လည်း မဟုတ်သေးတဲ့ ချစ်သူတစ်ယောက် ထံပါးမှ ဒါမျိုး အဆောင်အယောင်။ ငွေကြေး၊ ပစ္စည်းလက်ဆောင်ပေါင်း များ စွာကို လက်ခံလို့ ရသလား … ကောင်းပါ့မလား၊ သင့်ရဲ့ လား … ဆိုတာမျိုးကိုတော့ … အတွေ့အကြုံ မရှိခဲ့။

မရှိခဲ့ဆို … ကိုယ့်ချစ်သူ လူမွဲကလေးက … နှင်းဆီပန်းတစ်ပွင့်တောင်မှ ပေးနိုင်ဖို့ အနိုင်နိုင် ရယ်ကိုး …။ အဲဒီတော့ .. နောက်လူရဲ့ ပေးနိုင်မှုတွေပေါ်မှာ ရပ်သပ်ရှုမော အံ့သြတကြီးနဲ့ … အဲဒီလို ရလိုက်ရတာကိုပဲ … ဝမ်းသာစရာကောင်းတဲ့ ဂုဏ်တစ်ခုလိုလို .. သာယာရင်း …။ ဒီလိုနဲ့ပဲ … ပေးရင်း၊ ယူရင်း။ ပေးပြန်ရင်း၊ မငြင်းရင်းနဲ့ …။

"မေမေ … သိပ်များ လွန်းနေပြီ ထင်တယ်နော် … စိန်တွေရွှေတွေ အထိက ထားလိုက်ပါ ဦး … လက်ခံလို့ သင့်တယ်ပဲ မျက်စိမှိတ်ထားလို့ ရတယ်ထား … ပိုက်ဆံကကျတော့ တစ်မျိုးကြီးပဲ နော် …"

"သမီးတို့ နှစ်ယောက် လက်ထပ်ပြီးရင် လုပ်ငန်းကို ချဲ့သွားလို့ ရအောင် … ခုကတည်းက လုပ်ငန်းလေးတစ်ခု စထားရအောင်လို့ ဆို …

ကိုယ်လည်း သူနဲ့ ပဲ ယူဖြစ်ကြမဲ့ဟာ ... လုပ်ငန်းတစ်ခု ကြိုစထားဖို့ ဆိုတဲ့ အတွေးကတော့ မဆိုးဘူးထင်ပါတယ်”

ကြည့်ရတာ မေမေသည် လည်း ခပ်လန့်လန့်တော့ ဖြစ်လာပုံရပြီ။

“အပေးရှိရင် အယူလည်း ရှိရလိမ့်မယ် ဆိုတာမျိုး ဆိုရင်တော့ ...”

“သူက အဲဒီလိုမျိုး မဟုတ်ဘူး ... သူ့ဘက်က သိပ်ကို ရိုးသားနေလွန်းလို့ ကို သမီး စိတ်ညစ် လာတာ ... နေလို့ ထိုင်လို့ မကောင်းတော့ဘူး ...”

ကြားဖူးနားဝ ဇာတ်လမ်းတွေလို ငွေနဲ့ ပေါက်ပြီး ဖျက်လိုဖျက်ဆီးတို့ ၊ တစ်ခုခုကို အရပြန်ယူ တာမျိုးတို့ ဆိုရင်တော့ မျိုးလည်း ဘယ်ငြိမ်ခံနေပါ့မလဲ ...။ ခုတော့ သူက ဒီလိုမဟုတ်ခဲ့ ...။ တကယ့်ကို ငြိမ်းချမ်းရိုးသားခဲ့ရှာပါသည် ။ ဒီလိုနဲ့ ပဲ အဲဒီလို ပုံမှန်မကတော့တဲ့ အပေးအကမ်းအခြေ အနေကြီးကို သားရှင်မိဘတွေက ပြန်သိ။ ထုံးစံအတိုင်းပေါ့ ... ဘယ်သဘောတူနိုင်ပါ့မလဲ ...။ မျိုး စိတ်ထင်တော့ မျိုးတို့ အခြေအနေကလည်း အဲဒီတုန်းကတော့ ခုလောက်တောင် မဆိုးသေးပါဘူး ..။ ဟန်ဟန်ပန်ပန် ... လူကြီးလူကောင်း အဆင့်အတန်းထဲကပါပဲ ...။

ပုံမှန်အတိုင်း ဆိုရင်တော့ ... သူတို့ လောက်မရှိပေမဲ့ သားရှင်မိဘအဖို့ ခါးသီးလောက်စရာ လည်း တစ်စက်မှ မရှိပါဘူး ...။ ဒါပေမဲ့လည်း ပေးတဲ့ လူက ပေးပြီး၊ ယူတဲ့ လူကလည်း ယူခဲ့မိကြတဲ့ အဖြစ်ကြီးဟာ တစ်ဖက်က မိဘတွေအဖို့ တော့ နည်းတဲ့ အမည်းကွက်လား ..။ “လုံးဝ လက်သင့်မခံ နိုင်ဘူး ... တစ်စက်မှ သဘောမတူဘူး”ဆိုတာကို မျိုးကတော့ လက်ခံနားလည်ပေးနိုင်သည် ။ မေမေ ကတော့ ဆတ်ဆတ်ခါတွေနာကာ ... “အဲဒီလိုဆိုလို့ ကို အရွဲ့တိုက်ပြီးတော့ကို ... သင်းတို့ ရဲ့ ပစ္စည်း လက်ဆောင်တွေကို ပြန်ကိုမပေးဘူးဟေ့ ...”တဲ့ ။ ထကြွေးကြော်

သည် ။

သူတို့ ကလည်း ပြန်ပေးဖို့ မတောင်းပါ။ အမေ့သားကလေးကလည်း ပဲ … သူ့ဘက်က ပျက် ကွက်မှုအတွက် အားနာလွန်းလို့ ပြန်တောင်းယူဖို့ အထိပင် စိတ်ကူးထဲ ရှိပုံမရ …။ “မိဘတွေက သဘောမတူလို့ ပါ …”ဆို တဲ့ စကားကိုပဲ မျက်ရည်တွေ အဝဲသားနှင့် ရှက်ရွံ့အားနာစွာ ပြောပြီး တာနဲ့ … ထပ်မံ၍ ကို မျက်နှာချင်းမဆိုင်တော့ဘဲ တစ်ချိုးတည်းကို တန်းလစ်တော့တာ … အဆက်အဆံ ဆက်ရှိဖို့ ဝေးလို့ …။ အစအနမျှ တောင် မမြင်ရတော့ …။

ဝင့်လိုက်တယ် ခေါ်ရမှာ ပေါ့ …။ “မိဘတွေက သဘောမတူလို့ ပါ” ဆိုတဲ့ စကားမျိုးကို ကိုယ်ကိုယ်တိုင် သုံးခဲ့စဉ်က ကိုယ်သည် လည်း တစ် နေ့ကျ ထပ်တူညီ ပြန်အသုံးခံရလိမ့်မယ်လို့ .. ထင်ကို မထင်ခဲ့မိတာက တော့ … မျိုးရဲ့ အမှားပေါ့လေ …။ အဲဒီနောက်ပိုင်းမှာ ပဲ မျိုးရဲ့ အနားမှ လူတစ်ယောက်မှ မရှိတော့ဘဲ .. ထူးခြားဆန်းပြားစွာ အရှုံကြီး ရှုံသွားခဲ့ လို့ လည်း … မျိုးရဲ့ CV (ကိုယ်ရေးရာဇဝင်)မှာ … အိမ်ထောင်ရေးအခြေ အနေ … အပျိုဟု ဖြစ်နေခဲ့ရတော့တာပေါ့ …။

သွားပြီလေ …။ မျိုးဟာ နာမည်ပျက်စာရင်း အလိုလိုဝင်ပြီးသား ဖြစ် သွားခဲ့ပြီလေ ..။ အကောင်းစား၊ တည်တည်တံ့တံ့ ဘယ်သူတစ်ဦး တစ် ယောက်ကမှ ထပ်မံချဉ်းကပ် တောင်းဆိုခြင်း မပြုချင်ကြတော့သူပေါ့ … ။ နို့မို့ ဆိုရင်တော့ အမှတ်မရှိလှတဲ့ မျိုးဟာ … အကောင်းစား တစ်ယော က်ယောက်ကို ထပ်မံလက်ခံခေါင်းညိတ်ပြီး … အိမ်ထောင်ပြုဖြစ်ဦးမှာ ပဲမို့ … ကိုယ့်ရဲ့ CV ဟာ ဒီလိုကြီးတော့ ခပ်ရှင်းရှင်းကြီး ဘယ်ရှိနိုင်ပါ တော့မလဲ။ အေးလေ … အဲဒီလို တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုဖြစ်ခဲ့ရင်လည်း ဒီလိုကုမ္ပဏီတွေမှာ CV လိုက်တင်ရင်း …

တစ်နေရာမကောင်း၊ တစ်နေရာ ပြောင်းနေရတာမျိုး ဘယ်ဖြစ်နေနိုင်ပါ့မလဲ ...။ ဣန္ဒြေရရ သူဌေးကတော်ကြီး အခန့်သား ဖြစ်နေရဲ့ ...။

ဒါတွေအားလုံးကိုတော့ သူ့ ဘာလို့ အရင်အတိုင်း ပြန်ပြောပြနေရမှာလဲ ...။ မပြောပေါင် ...။ မပြောတဲ့ အပြင် ဖုံးဖိထားသင့်ရင် ထားရဦးမှာ ...။ ဒီတော့ စကားလှလှကလေး ... "အိမ်ထောင်မပြု ဖြစ်ပါဘူး"ပေါ့ ...။ ဘဝများ ... ရင်နာစရာကောင်းလိုက်တာ ... ကိုယ့်ကို သူက အထက်စီးလေကြီး နဲ့ အိမ်ထောင်ရေးကိစ္စ စုံစမ်းနေချိန်မှာ ကိုယ့်မတော့ ... သူ့ အိမ်ထောင်ရော အခြေအနေ (လူပျိုလူလွတ် ဆိုတာ သိပြီးပေမဲ့ ရည်းစားလေး၊ ရည်ရွယ်သူလေး ဘာညာရှိမရှိဆိုတာမျိုး)ကို အထက်စီးနဲ့ ဝေးလို့ ... ခင်ခင်မင်မင် .. စစနောက်နောက်ကလေးတောင် ပြန်စုံစမ်းကြည့်ခွင့် မရှိ။ မရဲ ...။

"ဩော် ... အိမ်ထောင်ကျသွားပြီပဲ ထင်ခဲ့တာ ..."

"မဖြစ်နိုင်ပါဘူး ... ယူဖို့ ဝေးလို့ ... ခေါင်းထဲထည့် စဉ်းစားလို့ တောင်မှ မရခဲ့ဘူး ..."

မျိုးက တစ်လုံးပစ်သွင်းကြည့်လိုက်ကာ ... အဲဒီလို ချက်ချင်းပြန်ပြောလိုက်နိုင်သည့် ကိုယ့်ကိုယ်ကိုယ် အတော်ကြီးကျေနပ်နေဆဲ ... အောင်မြင့် ထံမှ ... "တဝါးဝါး၊ တဟာဟား"နှင့် အော်ရယ်ပစ်လိုက်သော ရယ်သံကျယ်ကြီး ထွက်ပေါ်လာပါတော့သည် ။ ရုံးကင်န်တင်းထဲက လူများ ထံမှ ခေါင်းတွေ မျိုးတို့ ဘက် လှည့်ဆင်းလာကြသည် ။

ကိုယ့်စားပွဲကိုယ် လာပြန်ထိုင်စဉ်မှာ ... မချောကလေးအားလုံးတို့က တစ်ပြိုင်နက်ပင် ...

"အစ်မကို ဘာခေါ်ပြောတာလဲ ... ဆရာက ဘာကို ဒီလောက် သဘောတကျကြီး ရယ်ရ တာလဲ ..."

“တို့ CV form ကို ခေါ်စစ်တာပါကွာ … အိမ်ထောင်ရေးအခြေအနေကိုပါ လာစစ်နေလို့ … လိမ်ထားတာ မပါပါဘူး … ‘အပျို’ဆိုတာကို မယုံရင် နောက် ‘ကြီး’ဆိုတာပါ ထပ်ထည့်ချင် ထည့်လိုက်ပါလို့ ပြောလိုက်တယ် …”

မတတ်နိုင်ပါ။ မုသားမပါ လင်္ကာမချော်ပင် … ကလေးမတွေ ခများတော့ … ထိုစကားကိုပဲ သူတို့ ဆရာတစ်ယောက် သိပ်ကို သဘောကျသွားရှာသည် ဟု ထင်မြင်ကြ၍ … သူတို့ ပါအားကျမခံ ဝိုင်းရယ်လိုက်ကြပြီးမှ …

“အေးလေ … ဘယ်ယုံပ့ါမလဲ … အစ်မက ဒီလောက်လှတာ … ဒီလောက်လှတဲ့ မိန်းမတစ် ယောက်က ဒီအရွယ်အထိ ‘အပျို’ဆိုတော့ ဆရာလည်း ဟုတ်ပ့ါမလားလို့ စစ်ချင်လာမှာ ပေါ့ …”

မျိုးက မျက်ခုံးလေးနှစ်ဖက်ကို မြှင့်တင်ကာ မျက်လွှာအသာချထားလိုက်မိသည် ။ “အစ်မက ဒီလောက်လှတာ”တဲ့ ။ အသက်ကြီးလာခဲ့ပြီဆိုပေမဲ့ … မြင်တဲ့ လူတွေက မြင်ကြသေးတယ်နော် ဆရာ …။

“ဟုတ်တယ်နော် … အစ်မရဲ့ အလှမျိုးက အဘက်ဘက်က ပြည့်စုံတဲ့ အလှလို့ ခေါ်နိုင်တယ် … အသက်ကြီးနေတာ တစ်ခုကလွဲလို့ ဘာမှ ပြောစရာမရှိဘူး … အသက်ကြီးတယ်ဆိုပေမဲ့လည်း ကလေးတွေနဲ့တော့ ယှဉ်နိုင်တာပါပဲ …”

နောက်တစ်ယောက်က ထပ်မံပြီး ဝင်ပြောလိုက်တော့မှ ပင် … မျိုးမှာ “အီး”ခနဲ မဲ့ရှုံ့ပြီး စိတ်ဓာတ်ပဲ ကျရတော့မလိုကြီး ဖြစ်သွားရပါသည် ။

*